ရောင်းမှု

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday, 6 March 2020 ၉၉၄၆

အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး တတိယနေ့ အောင်မြင်စွာကျင်းပ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ကြည်ညိုရှိ သာသနာရေးဆိုင်ရာများ လျှောက်ထား

သာသနာရေးဆိုင်ရာများ လျှောက်ထား

အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး တတိယနေ့တွင် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

ရန်ကုန် မတ် ၅

အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏာလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသေဋ္ဌလက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

နှလုံးစိတ်ဝမ်းအေးချမ်းရ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးတွင် မြတ်စွာဘုရားရှင်၏ အဆုံးအမ သာသနာဖြစ်သော ထေရဝါဒဗုဒ္ဓဘာသာထွန်းလင်းကြောင်း အမှတ်လက္ခဏာတစ်ခုဖြစ်သည့် သာသနာ့သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကြီးကျင်းပခဲ့ရာ မဟာပါသာဏာလိုဏ်ဂူသိမ်တော်ကြီးအတွင်း ယနေ့ကျင်းပပြုလုပ်လျက်ရှိသည့် အဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ »»

၂၀၂၀ ပြည်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

ကြေးမုံ

အမျိုးသားရေးတာဝန် ပါဝင်ဆောင်ရွက်

အမျိုးသားရေးတာဝန်ဆိုသည်မှာ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားအတွက် တစ်မျိုးသားလုံး မဖြစ်မနေပါဝင်ထမ်းရွက်ကြရမည့်တာဝန်ကို ဆိုလိုသည်။ မူးယစ်ဆေးဝါးပြဿနာဖြေရှင်းရေးသည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်ဖြစ်ပြီး မျက်မှောက်ကာလ တစ်ကမ္ဘာလုံးပျံ့နှံ့ဖြစ်ပွားနေသည့် COVID-19 ရောဂါကာကွယ်ဖြေရှင်းရေးသည်လည်း လူသားအားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်ရှိနိုင်ငံများ၏ အရေးကြီးသောကိစ္စများတွင် COVID-19 ကူးစက်ရောဂါသည် အရေးတကာတွင် အရေးအကြီးဆုံးကိစ္စ ဖြစ်သည်။ ထိုရောဂါကူးစက်ပြန့်ပွားလာပါက အခြားအရေးကိစ္စများတွင်ပါ ထိခိုက်မှုများ၊ အဟန့်အတားဖြစ်မှုများ ပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့ကြောင့် COVID-19 ရောဂါမဖြစ်ပွားအောင်၊ ဖြစ်ပွားပါက ကာကွယ်ဟန့်တားနိုင်အောင် အမျိုးသားရေးသတိဖြင့် ဝိုင်းဝန်းလက်တွဲကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နေ့စဉ်သတင်းထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ တိုးပွားနေရာ မတ်လ ၃ ရက်နေ့က နိုင်ငံ ၆၅ နိုင်ငံရှိရာမှ မတ်လ ၅ ရက်နေ့တွင် ၇၇ နိုင်ငံဖြစ်လာပြီး ရောဂါမဖြစ်သေးသော နိုင်ငံများသို့ပါ အလျင်အမြန် ကူးစက်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ယနေ့အချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မရှိသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေရသည်။

COVID-19 ရောဂါသည် စတင်ဖြစ်ပွားသည့် တရုတ်နိုင်ငံ ဟူပေပြည်နယ်တွင် နေထိုင်ခဲ့သည့်လူများနှင့်ဆက်နွယ်ခဲ့သည်ဆိုသော်လည်း ယခုအခါ တရုတ်နိုင်ငံနှင့် အလှမ်းဝေးသောနိုင်ငံများ၊ အဆက်အစပ်နည်းသောနိုင်ငံများတွင်လည်း ဖြစ်ပွားနေသဖြင့် မည်သည့်အချိန်၊ မည်သည့်ဒေသတွင် မည်သည့်နည်းဖြင့် ထိုရောဂါကူးစက်နိုင်သည်ကို မှန်းရခက်နေသည်။ အချို့နိုင်ငံများတွင် ရောဂါဖြစ်သည်ကို ချက်ချင်းသိ၊ ချက်ချင်းစောင့်ကြပ်ကြည့်ရှုကုသနိုင်သဖြင့် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ထားနိုင်သည်ကို သတိမူရမည်ဖြစ်သည်။ အချို့နိုင်ငံများတွင် ရောဂါဖြစ်နေသည်ကို ချက်ချင်းမသိသဖြင့် ကူးစက်ပြန့်ပွားမှု မြန်ဆန်များပြားနေသည်ကိုလည်း သတိထားရမည် ဖြစ်သည်။

အဓိကမှာ ရောဂါလက္ခဏာဖြစ်နိုင်သည်ကို ပေါ့ပေါ့ဆဆမနေမိရန်နှင့် ဖြစ်နိုင်သည်ဟု ထင်မြင်သည်နှင့် သက်ဆိုင်ရာသို့ ချက်ချင်းသတင်းပေးရန် ဖြစ်သည်။ သံသယဖြစ်သည်နှင့် ချက်ချင်းအသိပေး ချက်ချင်းစောင့်ကြပ်ကြည့်ရှုကုသမှုပေးခြင်းဖြင့် လက်ဦးမှူယူရမည်ဖြစ်သည်။ ရုတ်တရက်ပြည်သူများအတွင်း၌ ကူးစက်နိုင်ခြင်းကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေးဌာန၏ အသိပေးနှိုးဆော်ချက်များကို အလေးထားလိုက်နာရမည်ဖြစ်သည်။

ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြရန်၊ အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်၊ အကယ်၍ ထိုသို့မလွဲမရှောင်သာကျင်းပရပါက တက်ရောက်သည့် လူအရေအတွက်နည်းနိုင်သမျှ နည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများ မလာရောက်စေရေးအစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း စနစ်တကျ တိကျစွာလိုက်နာဆောင်ရွက်ကြရန်လိုပါသည်။

COVID-19 ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ပတ်သက်ခဲ့သူများ၊ ရောဂါကူးစက်ပြန့်ပွားမှုများပြားရာ နေရာဒေသမှ ပြည်တွင်းသို့ရောက်လာခဲ့သူများနှင့် သံသယရောဂါလက္ခဏာဖြစ်ပွားလာသူများအနေဖြင့် အနီးဆုံးကျန်းမာရေးဌာနသို့ သတင်းပေးပို့ကြရန်၊ သံသယရောဂါလက္ခဏာရှိသူများကို တွေ့ရှိပါက ပြည်သူများအနေဖြင့် အနီးစပ်ဆုံးကျန်းမာရေးဌာနသို့ သတင်းပေးပို့ရန်နှင့် အသွားအလာကန့်သတ်၍ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဆောင်ရွက်မှုများတွင် နိုင်ငံသားအားလုံး အမျိုးသားရေးအသွင်ဖြင့် လက်တွဲပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ဥပဒေစာအုပ်များ လျှုဒါန်း

ရန်ကုန် မတ် ၅

ရန်ကုန်တက္ကသိုလ် ဘွဲ့နင်းသဘင်ခန်းမ၌ မတ် ၅ ရက်တွင် ကျင်းပသည့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဥပဒေပညာရပ်ဆိုင်ရာ ဟောပြောပွဲအပြီးတွင် စာရေးဆရာ သတင်းစာဆရာ ဦးဟန်ညွန့် (ဥပဒေ)က ၎င်းရေးသားပြုစုသော ဥပဒေသုတအမည်ရှိ စာအုပ် ၃၀ ကို ဥပဒေဌာန စာကြည့်တိုက်အတွက် လျှုဒါန်းပေးအပ်ရာ ဥပဒေဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဒေါ်ခင်ချစ်ချစ်နှင့် ပါမောက္ခ ဒေါက်တာဒေါ်ခင်ဖုန်းမြင့်ကြူတို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

သတင်းစဉ်

မြစ်သား၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

မြစ်သား မတ် ၅

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးတွင် ဖွင့်လှစ်သည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများအတွက် အမှန်တကယ် အကျိုးရှိထိရောက်သည့် သင်တန်းများကို ဒေသလိုအပ်ချက်နှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေး၊ မိသားစုဝင်ငွေ တိုးပွားစေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို မတ် ၅ ရက်မှ ဧပြီ ၃ ရက်အထိ တစ်လ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ကိုးရွာမှ သင်တန်းသူ ၂၀ တက်ရောက်သင်ကြားကြောင်း သိရသည်။

ဆုမွန်(မြစ်သားပြန်/ဆက်)

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅-၃-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁,၅၀၀	၁၁,၅၀၀	၃,၇၉၇	၃၄,၆၆၅,၅၀၀
MTSH	၃,၉၅၀	၃,၉၅၀	၆,၁၇၅	၂၄,၃၉၁,၂၅၀
MCB	၈,၄၀၀	၈,၄၀၀	၁၁	၉၂,၄၀၀
FPB	၂၂,၀၀၀	၂၂,၅၀၀	၂၁၂	၄,၇၄၂,၅၀၀
TMH	၂,၉၀၀	၂,၉၀၀	၂၆	၇၅,၄၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၅

ရန်ကုန်(ရွှေဈေး) ၁၂၁၅၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၅၅၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**		**မန္တလေး**	
(က) ဒီဇယ်	တစ်လီတာ	၇၅၀/၈၁၅	ကျပ်	၈၀၅/၈၂၀	ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၉၀/၈၆၀	ကျပ်	၈၉၅/၉၁၀	ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၆၉၀/၇၄၀	ကျပ်	၇၆၅/၇၇၀	ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၆၀/၈၂၅	ကျပ်	၈၂၀/၈၃၀	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၅/၆၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၁၅/၆၂၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၉၃.၈
(ခ) ဥရောပ	တစ်ယူရို	=	၁၅၅၂.၂
(ဂ) တရုတ်	တစ်ယွမ်	=	၂၀၀.၇၅
(ဃ) ထိုင်း	တစ်ဘတ်	=	၄၄.၁၈၄
(c) မလေးရှား	တစ်ရင်းဂစ်	=	၃၃၄.၈၅
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၉.၀၂၀
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၀၀.၇
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၇.၆၃
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၂၃.၃၀
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၅.၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။ ၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်နံရံခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

***** ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးကို ဆည်းကပ်ကိုးကွယ်ခွင့်ရရှိခဲ့သော ဗုဒ္ဓဘာသာဝင်များသည် မြတ်ဗုဒ္ဓ၏ သည်းခံခွင့်လွှတ်ခြင်းတည်းဟူသော အရိပ်အာဝါသအောက်တွင် ကြီးပြင်းခဲ့ကြရသူများဖြစ်

***** ထို့ကြောင့်လည်း မိမိတို့သည် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို ကြည်ညိုဆည်းကပ်ပြီး မိဘ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို လေးစားမြတ်နိုးကြ

***** ထေရဝါဒဗုဒ္ဓသာသနာသည် ပရိယတ္တိသာသနာ အခြေခံကောင်းပေါ်တွင် တည်မှီနေသဖြင့် ဂိုဏ်းပေါင်းစုံ ရဟန်းသံဃာတော်များက စည်းလုံးညီညွတ်စွာဖြင့် သာသနာတော်အကျိုး ပွားတိုးထမ်းဆောင်နေကြသည်ကို ဖူးတွေ့ရသည်မှာ လွန်စွာအားတက်ဝမ်းမြောက်ရ

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ က နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော် တစ်ပါးအား နိုင်ငံတော်ဝိနည်းခိုရ်လက်မှတ် ဆက်ကပ်စဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုစဉ်။

>>> ရှေ့ဖုံးမှ

ဒုတိယအစည်းအဝေးကြီးသို့ သံဃာသာမဂ္ဂီမျှညီစိတ်ထားဖြင့် ကြွရောက်တော်မူကြသော နိုင်ငံတော်အဆင့် သံဃအဖွဲ့အစည်း ဆရာတော်၊ သံဃာတော် အရှင်သူမြတ်အပေါင်းတို့အား တစ်နေ့ရာတည်းတွင် စုံစုံညီညီ ဖူးမြော်ကြည်ညိုခွင့် ရရှိပါသဖြင့် ထက်သန်သောစေတနာ ကြည်လင်သော သဒ္ဓါတရားတို့ဖြင့် နှလုံးစိတ်ဝမ်းအေးချမ်းရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

လေးစားမြတ်နိုး

ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးကို ဆည်းကပ်ကိုးကွယ်ခွင့် ရရှိခဲ့သော ဗုဒ္ဓဘာသာဝင်များသည် မြတ်ဗုဒ္ဓ၏ သည်းခံခွင့်လွှတ်ခြင်းတည်းဟူသော အရိပ်အာဝါသအောက်တွင် ကြီးပြင်းခဲ့ကြရသူများ ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း မိမိတို့သည် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို ကြည်ညိုဆည်းကပ်ပြီး မိဘ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို လေးစားမြတ်နိုးကြပါကြောင်း၊ ထေရဝါဒဗုဒ္ဓသာသနာသည် ပရိယတ္တိသာသနာ အခြေခံကောင်းပေါ်တွင် တည်မှီနေသဖြင့် ဂိုဏ်းပေါင်းစုံ ရဟန်းသံဃာတော်များက စည်းလုံးညီညွတ်စွာ ဖြစ်ပါကြောင်း ကျွန်တော်တို့ ယုံကြည်ကြပါတယ်။

ဒုတိယအစည်းအဝေးကြီးသို့ သံဃာသာမဂ္ဂီမျှညီစိတ်ထားဖြင့် ကြွရောက်တော်မူကြသော နိုင်ငံတော်အဆင့် သံဃအဖွဲ့အစည်း ဆရာတော်၊ သံဃာတော် အရှင်သူမြတ်အပေါင်းတို့အား တစ်နေ့ရာတည်းတွင် စုံစုံညီညီ ဖူးမြော်ကြည်ညိုခွင့် ရရှိပါသဖြင့် ထက်သန်သောစေတနာ ကြည်လင်သော သဒ္ဓါတရားတို့ဖြင့် နှလုံးစိတ်ဝမ်း အေးချမ်းရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးကို ဆည်းကပ်ကိုးကွယ်ခွင့် ရရှိခဲ့သော ဗုဒ္ဓဘာသာဝင်များသည် မြတ်ဗုဒ္ဓ၏ သည်းခံခွင့်လွှတ်ခြင်းတည်းဟူသော အရိပ်အာဝါသအောက်တွင် ကြီးပြင်းခဲ့ကြရသူများ ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း မိမိတို့သည် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို ကြည်ညိုဆည်းကပ်ပြီး မိဘ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို လေးစားမြတ်နိုးကြပါကြောင်း၊ ထေရဝါဒဗုဒ္ဓသာသနာသည် ပရိယတ္တိ သာသနာ အခြေခံကောင်းပေါ်တွင် တည်မှီနေသဖြင့် ဂိုဏ်းပေါင်းစုံ ရဟန်းသံဃာတော်များက စည်းလုံးညီညွတ်စွာ ဖြစ်ပါကြောင်း ကျွန်တော်တို့ ယုံကြည်ကြပါတယ်။

ဒုတိယအစည်းအဝေးကြီးသို့ သံဃာသာမဂ္ဂီမျှညီစိတ်ထားဖြင့် ကြွရောက်တော်မူကြသော နိုင်ငံတော်အဆင့် သံဃအဖွဲ့အစည်း ဆရာတော်၊ သံဃာတော် အရှင်သူမြတ်အပေါင်းတို့အား တစ်နေ့ရာတည်းတွင် စုံစုံညီညီ ဖူးမြော်ကြည်ညိုခွင့် ရရှိပါသဖြင့် ထက်သန်သောစေတနာ ကြည်လင်သော သဒ္ဓါတရားတို့ဖြင့် နှလုံးစိတ်ဝမ်း အေးချမ်းရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

လေးစားမြတ်နိုး

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကျင်းပ

ပုဒ်မ၊ ပုဒ်မခွဲ ၁၄ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၁)အတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းကို မတ် ၁၀ ရက်တွင် စတင်ဆောင်ရွက်မည်

ဧရာဝတီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁၀)မှ
ဦးသိမ်းဆွေ

ပဲခူးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၆)မှ
ဦးမင်းဦး

တပ်မတော်သားအမျိုးသား
လွှတ်တော်ကိုယ်စားလှယ်
ဗိုလ်မှူးကြီး လှဝင်းအောင်

နွားထိုးကြီး
မဲဆန္ဒနယ်မှ
ဦးနိုင်ထူးအောင်

ချောင်းဆုံ
မဲဆန္ဒနယ်မှ
ဦးအောင်ကြည်သိန်း

ရေကြည်
မဲဆန္ဒနယ်မှ
ဒေါက်တာစံရွှေဝင်း

နေပြည်တော် မတ် ၅

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည် ဆိုသည့် ပြင်ဆင်ချက်ကို ထောက်ခံဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းသည် ဖက်ဒရယ်ခိုင်မာရေးကို အားပေးပါကြောင်း၊ ထို့အတူ ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းသည်လည်း ဒီမိုကရေစီစနစ်တည်တံ့ရေးကို အထောက်အကူပြုပါကြောင်း၊ ထို့ကြောင့် ရှိသင့်ရှိထိုက်သည့် ဒီမိုကရေစီအင်္ဂါရပ်များနှင့် ပါသင့်ပါထိုက်သည့် ပြည်သူလူထု၏ ရပိုင်ခွင့်များကို ဥပေက္ခာမပြုဘဲ ဂရုပြုကြစေလိုပါကြောင်း၊ ထို့ပြင် ဖက်ဒရယ်၏အခြေခံသည် တိုင်းရင်းသားများအကြား တန်းတူညီတူ အခွင့်အရေးရရှိစေခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိစေခြင်းတို့ကို ဖြစ်ပေါ်စေပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများအားလုံး ဥမက္ကဝိသိုက်မပျက် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်နိုင်စေရန်အတွက် နိုင်ငံတော်အခြေခံရမည့်မူအဖြစ် ပုဒ်မ ၈ တွင် နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

ပုဒ်မ ၂၃၂ ပုဒ်မခွဲ(၆)ပယ်ဖျက်ချက်ကို ဆွေးနွေး

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ပုဒ်မ ၂၃၂ ပုဒ်မခွဲ(၆) ပယ်ဖျက်ချက်ကို ဆွေးနွေးလိုပါကြောင်း၊ ယင်းပုဒ်မသည် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းသို့ ပြဋ္ဌာန်းထားခြင်းသည် ပါတီကို ကိုယ်စားပြုပြီး နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို ဦးဆောင်သယ်ပိုးထမ်းရွက်နိုင်ရန်အတွက် လူထုက ရွေးချယ်တင်မြှောက်ပေးလိုက်သူများကို ပါတီနှင့်ကင်းကွာစေရန်၊ ၎င်းတို့ကို ရွေးချယ်တင်မြှောက်ပေးလိုက်သည့် ကိုယ်စားပြုမဲဆန္ဒနယ်နှင့် ကင်းကွာစေရန် ကန့်သတ်သည့်သဘော သက်ရောက်နေသည့်အတွက် အဆိုပါ ပုဒ်မပြဋ္ဌာန်းချက်ကို ပယ်ဖျက်သင့်ပါကြောင်း ဆွေးနွေးသည်။

အတူတကွပေါင်းစည်းဆောင်ရွက်

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင်က မိမိတို့တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင် ပယ်ဖျက်လိုသည့် ပြဋ္ဌာန်းချက်ပုဒ်မတစ်ခုချင်းစီ၏ အခြေအနေ၊ အကြောင်းတရားများကို ဆွေးနွေးသွားခဲ့ခြင်းများသည် နိုင်ငံအတွင်းစုစည်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအများစုအကျိုးကို ရှေးရှုရည်ရွယ်ပြီး ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်သည်ကို သိရှိနားလည်စေလိုပါကြောင်း၊ မိမိရှေ့က ပြောဆိုဆွေးနွေးသွားကြသည့် ကိုယ်စားလှယ်အများစုသည်လည်း မိမိတို့၏ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတို့၏အကျိုးကို ရည်ရွယ်၍ ဖြစ်စေလိုသည့် ဆန္ဒများနှင့် ဆွေးနွေးသွားကြသည်ကိုလည်း တွေ့မြင်ခဲ့ရပါကြောင်း၊ ထို့ကြောင့် မည်သည့်အရာမဆို စိတ်ရင်းစေတနာ ကောင်းမွန်မှန်ကန်စွာဖြင့် ဆောင်ရွက်ကြပါက အောင်မြင်သည်ဆိုသည့်အတိုင်း မိမိနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အရေးကို ရှေးရှုဆောင်ရွက်လိုသည့် တူညီသော ရည်မှန်းချက်၊ မှန်ကန်သော ရည်ရွယ်ချက်များနှင့် အတူတကွပေါင်းစည်းဆောင်ရွက်ကြပါက မိမိတို့အားလုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် နွားထိုးကြီး မဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး အေးကျော်လင်း၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စတိုးထွန်း(ခေါ်) ဒေါက်တာအားကာမိုး၊ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ညီညီလွင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ထွန်းမြတ်ရွှေ၊ နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် (ခေါ်)ဦးဒီလုံး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်အေးသဏ္ဌာကျော်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင် (ခေါ်) ပြိုးချို၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်နှင့် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန် (ခေါ်)မောင်တင်သစ်တို့က ဆက်လက်ဆွေးနွေးကြသည်။

လွှတ်တော်ကိုယ်စားလှယ် ၁၄၇ ဦး၏ ဆွေးနွေးခြင်းအစီအစဉ်ပြီးဆုံး

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၁၄၇ ဦး၏ ဆွေးနွေးခြင်းအစီအစဉ်ပြီးဆုံးပြီဖြစ်ပါကြောင်း၊ အထက်ပါ ဥပဒေမူကြမ်းပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၄ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၁)အတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက် အင်္ဂါနေ့တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို မတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)
ဓာတ်ပုံ-စိုးဝင်းထွန်း

✪ ကျောဖုံးမှ

ရေသန့်စင်စက်ရုံကို တွံတေးတူးမြောင်း ရေမိုင် ၅ ဒသမ ၅ မိုင်ရှိ တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာအုပ်စု ဘုရားကြီးစုကျေးရွာအနီး တူးမြောင်းဘေးတွင် တည်ဆောက်မည်ဖြစ်ပြီး ရေသန့်စင်မှုအတွက် Raw Water ကို တွံတေးတူးမြောင်းမှ ရယူသွားမည်ဖြစ်သည်။ ရေသန့်စင်စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ ဒလမြို့နယ် ရေပေးဝေရေးစနစ်သို့ သောက်သုံးရေပေးဝေရန် ၃ ဒသမ ၃ သန်းနှင့် သောက်ရေသန့်ဘူး သုည ဒသမ ဝ၆၆ သန်း ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

စတင်အကောင်အထည်ဖော်

ဒလမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ သောက်သုံးရေလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရေးနှင့် ရေရှားပါးမှုမှ ကင်းဝေးစေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာအုပ်စုအတွင်းရှိ ဘုရားကြီးစုရွာ၌ လယ်မြေ ၁၈ ဒသမ ၇၇၈ ဧကကို နိုင်ငံတော်အစိုးရက ဝယ်ယူပြီး ရေသန့်စင်စက်ရုံတည်ဆောက်ခြင်းကို စတင်အကောင်အထည်ဖော် ဆောက်ရွက်လျက်ရှိရာ ယခုအခါ ရေပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၆၅ ရာခိုင်နှုန်းကို လွှမ်းခြုံဖြန့်ဝေပေးနိုင်မည်

အများသုံးရေနှင့် သောက်သုံးရေရရှိရေးအတွက် ရေသန့်စင်စက်ရုံစီမံကိန်းတည်ဆောက်ပြီးစီးသွားပါက ဒလမြို့နယ်အတွင်း လူဦးရေ ၁၆၀၀၀၀ ကျော်၏ ၆၅ ရာခိုင်နှုန်းကို လွှမ်းခြုံဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်းနှင့် တစ်ဆက်တည်းရှိသည့် တွံတေးမြို့နယ်ရှိ ဒေသခံပြည်သူများပါ အများသုံးရေနှင့် သောက်သုံးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတွင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများပါ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်လင်းကျော်(ဒလ)

တိုင်ကြားနိုင်ပါသည်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဧနီနဝါရီလ ၁၄ ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၃/၂၀၂၀)ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတက လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီရေးတို့မှာ "ကျွဲကူးရေပါ"ဆိုသလို ထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို အထူးထိန်းသိမ်းပေးစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

၃။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်(CRC)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပယျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRPD) နှင့် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICESCR)တို့ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်ဖြစ်စေ၊ အခြားသူတစ်ဦးအတွက်ဖြစ်စေ၊ လူတစ်စုကို ကိုယ်စားပြု၍ဖြစ်စေ "ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့"သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသည်–

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ(ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ Fax နှင့် email တို့ရှိလျှင်) ထည့်သွင်းဖော်ပြရန်၊

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှန့်နှင့်သက်ဆိုင်သော အထောက်အထားများပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲပေးပို့ရန်။

မှတ်ချက်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။

ရုံးခွဲများဖွင့်လှစ်ထားရှိခြင်း

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲများကို အောက်ပါမြို့များတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် အဆိုပါရုံးခွဲများသို့လည်း ပေးပို့တိုင်ကြားနိုင်ပါသည်–

(က) **နေပြည်တော်ရုံးခွဲ**။ သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

(ခ) **မန္တလေးရုံးခွဲ**။ ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေဝန်းအနောက် ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(ဂ) **စစ်တွေရုံးခွဲ**။ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ စစ်တွေမြို့။

၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များအား စုံစမ်းစစ်ဆေးပြီးသည့်အခါ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ပေးပို့သွားမည်ဖြစ်ပြီး အရေးယူဆောင်ရွက်မှုကိုလည်း ကော်မရှင်က ကော်မရှင်ဥပဒေနှင့်အညီ စောင့်ကြည့်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ဥပဒေပညာရှင် ပါမောက္ခ မစ္စတာ ဝီလျံရှေးဘတ်စ်နှင့် ဒေါက်တာ ခရစ်တိုဖာ စတိတ်ကာတို့ ရန်ကုန်တက္ကသိုလ်၌ ICJ အတွေ့အကြုံများနှင့် နိုင်ငံတကာဥပဒေဆိုင်ရာများ ဟောပြော

ရန်ကုန် မတ် ၅
နယ်သာလန်နိုင်ငံ လိုက်ဒန်တက္ကသိုလ်နှင့် ဗြိတိန်နိုင်ငံ မစ်ဒယ်ဆက်စ်တက္ကသိုလ်တို့မှ နိုင်ငံတကာဥပဒေပညာရှင် ပါမောက္ခ မစ္စတာ ဝီလျံရှေးဘတ်စ်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ICJ အတွေ့အကြုံများနှင့် နိုင်ငံတကာဥပဒေဆိုင်ရာများကို ဟောပြောသည်။

ပါမောက္ခ မစ္စတာ ဝီလျံရှေးဘတ်စ် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ICJ အတွေ့အကြုံများနှင့် နိုင်ငံတကာ ဥပဒေဆိုင်ရာများ ဟောပြောစဉ်။

တက်ရောက်

အဆိုပါဟောပြောပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အပြည်ပြည်ဆိုင်ရာ တရားရုံးနှင့်စပ်လျဉ်းသော ဥပဒေရေးရာအထောက်အကူပြုအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ဖြစ်မှုတရားစီရင်ရေးနှင့် စပ်လျဉ်းသော အထူးအဖွဲ့တို့မှ တာဝန်ရှိသူများ စုစုပေါင်း ၁၆၀ နှင့် တက္ကသိုလ်အသီးသီးမှ ဥပဒေပညာနှင့် ဆက်စပ်သော ကျောင်းသား ကျောင်းသူ ၉၈၅ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကား ပြောကြားပြီး ပါမောက္ခ မစ္စတာ ဝီလျံရှေးဘတ်စ်နှင့် ပရိသတ်များအား မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတကာ ဥပဒေပညာရှင် ပါမောက္ခ မစ္စတာ ဝီလျံရှေးဘတ်စ်က ဥပဒေဆိုင်ရာ သိကောင်းစရာများကို ဟောပြောပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဆွေးနွေးဖြေကြားသည်။

မွန်းလွဲပိုင်းတွင် အင်္ဂလန်နှင့် ဝေလပြည်နယ်ဆိုင်ရာ ရှေ့နေများအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နိုင်ငံတကာဥပဒေပညာရှင် ဒေါက်တာ ခရစ်တိုဖာ စတိတ်ကာကလည်း ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ဥပဒေပညာရပ်ဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ ဆဋ္ဌမအကြိမ် ညီနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၅
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ ဆဋ္ဌမအကြိမ် ညီနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာရေးသားရေးအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုအစည်းအဝေးသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာရေးသားရေးအဖွဲ့၏ (၆)ကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ မတ်လကုန်တွင် အစီရင်ခံစာ ပြည့်စုံကောင်းမွန်စွာ ပုံနှိပ်နိုင်ရေးအတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း၊ သို့ဖြစ်၍ လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်း တင်ပြ ဆွေးနွေးအကြံပြုပေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းဇော်က နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့၏ ပဋ္ဌမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက နှစ်ပတ်လည် အစီရင်ခံစာ ရေးသားထုတ်ဝေနိုင်ရေး၊ အချက်အလက်ပြည့်စုံကောင်းမွန်စေရေးနှင့် အချိန်မီပြီးစီးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အစီရင်ခံစာသည် မိမိတို့အတွက် ပထမဆုံး အစီရင်ခံစာဖြစ်ပြီး မိမိတို့၏ သမိုင်းလည်းဖြစ်ပါကြောင်း၊ ယခု အစီရင်ခံစာအား နောင်နှစ်များတွင် ကိုးကားနိုင်ရန်အတွက် အတတ်နိုင်ဆုံး ပြည့်စုံကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မတ် ၅
လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၅
စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

မိုး/ဇလ

အမေရိကန်ကြက်ခြေနီအသင်းမှ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ ပေးအပ်သည့် အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာလုပ်ငန်းဆု လက်ခံရရှိ

ရန်ကုန် မတ် ၅
မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်သည် အချိန်ပြည့်အလုပ်အမှုဆောင်များ ဖြစ်သည့် ဒေါက်တာတင်ညွန့်နှင့် ပါမောက္ခ ဒေါက်တာဒေါ်မြသု၊ ရခိုင်ပြည်နယ်စီမံချက်လုပ်ငန်းများ စီမံခန့်ခွဲမှုယူနစ်ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်းတို့နှင့်အတူ မတ် ၄ ရက်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ မြို့ရှိ အမေရိကန် ကြက်ခြေနီအသင်းရုံးချုပ်တွင် အမေရိကန် ကြက်ခြေနီအသင်းမှ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ချီးမြှင့်သည့် "အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာလုပ်ငန်းဆု (The International Humanitarian Services Award)" ကို အသင်းကိုယ်စား လက်ခံရယူခဲ့သည်။

အဆိုပါဆုကို လက်ခံရရှိခဲ့ခြင်းမှာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းတွင် လူမှုကရုဏာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများနှင့်အညီ လူသားချင်းစာနာထောက်ထားမှု၊ လူသားဂုဏ်သိက္ခာ တန်ဖိုးထားနိုင်မှု၊ လေးစားမှု၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးနိုင်မှုနှင့် ကူညီဆောင်ရွက်ပေးခဲ့မှုများကြောင့် အမေရိကန်ကြက်ခြေနီ အသင်းမှ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ ပေးအပ်သည့်ဆုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စွမ်းအားများကို လက်ဆင့်ကမ်းခြင်း

ဒေါက်တာ အေးမြတ်လွင် (ဟင်္သာတ)

ကျွန်မတို့ငယ်ငယ်က သင်ခဲ့ဖူးတဲ့ ကဗျာလေးတစ်ပုဒ်ကို အမြဲသတိရလျက်ရှိပြီး ဒီကဗျာလေးက ကျွန်မကို ဒီနေ့အထိ ဘဝမှာအဘက်ဘက်က စွမ်းအားတွေရှိနေအောင် လမ်းပြနေတဲ့ စွမ်းအားကြီး ကဗျာတစ်ပုဒ်ပါ။ ဒီကဗျာလေးမှာပါတဲ့ "မီးတိုင်ငယ်လည်း သူ့အရွယ် နှင့် အစွယ်နှင့်၊ စံပယ်ဖူးလည်း သူ့ဂုဏ်ထူးနှင့် ငုံဖူးနှင့်၊ ပိတောက်ဝါလည်း သူ့အခါနှင့် နံ့သာနှင့်" ဆိုတဲ့ စာသားတွေကို ရင်နဲ့အမျှ ခံစားနှစ်သက် ကျင့်သုံးခဲ့ပါတယ်။ အသက်တွေ ကြီးလာပေမယ့်၊ အသိုင်းအဝိုင်းတွေ ပြောင်းသွားပေမယ့်၊ အခက်အခဲတွေ ရင်ဆိုင်ကြုံတွေ့ရပေမယ့်၊ အချိန်အခါတွေ အခြေအနေတွေ ပြောင်းသွားပေမယ့် အမြဲကျင့်သုံးနိုင်ခဲ့ပါတယ်။

တန်ဖိုးရှိတဲ့စွမ်းအားတွေ

ဒီလိုပါပဲ ဒီနေ့ ကျွန်မ နှစ်သိမ့်ဆွေးနွေးခြင်း ဆိုင်ရာနယ်ပယ်မှာ သင်တန်းတွေပေးတဲ့အခါတိုင်း၊ လူတွေကို နှစ်သိမ့်အားပေးတဲ့အခါတိုင်း အမြဲထည့်ပြောလက်ဆင့်ကမ်းဖြစ်တဲ့ ကဗျာလေးပါ။ သူတို့လည်း စွမ်းအားတွေကို ကဗျာလေးကတစ်ဆင့် ရရှိလာကြပါတယ်။ မိမိမှာ တန်ဖိုးရှိတဲ့စွမ်းအားတွေရှိတယ်။ ဒါကြောင့် မှားတာတွေပြင်မယ်။ စိတ်ညစ်စရာတွေကို ဖယ်မယ်။ ကိုယ့်အားကိုယ်ကိုးမယ်။ ကိုယ့်လမ်းကိုယ် မှန်အောင်လျှောက်မယ်၊ သူများကိုလည်း ကိုယ်စိတ်အခန့်မသင့်တိုင်း ကိုယ်မှားလား၊ မှန်လားဆိုတာကို ဆင်ခြင်ပြီး သူများကိုဒုက္ခမပေးတတ်ဘဲ ကိုယ်တိုင် နေထိုင်တတ်လာနိုင်တဲ့ စွမ်းအင်တွေကို ရလာမယ်ဆိုတဲ့ အချက်တွေကို သဘောပေါက်လာအောင် လက်ဆင့်ကမ်းဖြစ်ပါတယ်။

အသက်ငယ်သူတွေရော အသက်ကြီးသူတွေမှာပါ လူတိုင်းနီးပါးမှာ သတ္တိစွမ်းအားတွေ၊ နူးညံ့သိမ်မွေ့စွာ၊ ရင့်ကျက်တည်ငြိမ်စွာ တွေးခေါ်နိုင်တဲ့စွမ်းအင်တွေ သူ့အရွယ်နဲ့သူ ပေါ်လွင်ထင်ရှားလျက် (သို့) ပုန်းအောင်းလျက်နဲ့ ရှိတတ်ကြပါတယ်။

အထောက်အပံ့ဖြစ်စေ

ဒီစွမ်းအားတွေဟာ ပင်ကိုက ပါလာသလို ဗဟုသုတတွေကလည်း အထောက်အပံ့ဖြစ်စေပါတယ်။ လူတိုင်း လူတိုင်း ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ ထင်ပေါ်ကျော်ကြားနိုင်တဲ့ သတင်းတွေ၊ စွမ်းအားတွေ ရှိနိုင်ကြပါတယ်။ သူတို့နဲ့ လိုက်ဖက်တဲ့၊ အများလက်ခံဂုဏ်ယူလို့ရနိုင်တဲ့၊ သူ့အချိန် သူ့အခါမှာ ရှိသင့်ရှိထိုက်တဲ့ သတ္တိတွေ ရှိကြပါတယ်။ တစ်ခါတစ်ရံမှာ အုပ်ထိန်းသူတွေ၊ အကြီးအကဲတွေထက် သာတဲ့ အတွေးတွေ၊ အကောင်အထည်ဖော်ရဲတဲ့ စွမ်းအားတွေ ရှိတတ်ကြပါတယ်။

တစ်ဖက်မှာ အုပ်ထိန်းသူတွေ၊ အကြီးအကဲတွေရဲ့ သွန်သင်ဆုံးမမှုတွေ၊ သူတို့ရဲ့ အတွေ့အကြုံတွေကို ပြောပြမှုတွေကနေ ဆင်ခြင်သုံးသပ်ခွင့်၊ လေ့လာခွင့်၊ ကျင့်သုံးခွင့် တွေလည်းရှိနိုင်ပါတယ်။ သူတို့ လက်ဆင့်ကမ်းပေးတဲ့ သတင်းအချက်အလက်၊ အပြုအမူ၊ ထိန်းကျောင်းသွန်သင်ပဲ့ပြင်မှုတွေ အားကောင်းလာရင် လူငယ်တွေဟာ အသိတွေ၊ သတိတွေကို ပိုမိုရရှိလာနိုင်ပါတယ်။ မျိုးဆက်တို့ရဲ့ ရှင်သန်ခြင်းတွေလို့ ပြောလို့ရပါတယ်။

မျိုးဆက်လို့ပြောတာနဲ့ ဆက်လက်ပေးအပ်သူနဲ့ ဆက်လက်လက်ခံသူဆိုတာ ဆက်တိုက်စဉ်ဆက်မပြတ် ဖြစ်ပေါ်နေပါတယ်။ ပေးအပ်သူရော၊ လက်ခံသူရော ဟန်ချက်ညီအောင် နှစ်ဖက်လုံးမှာ တာဝန်သိမှု၊ တာဝန်ပေးမှု၊ တာဝန်ယူမှု ကောင်းကောင်းလိုအပ်ပါတယ်။ ကောင်းတာတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ပေးအပ်သူကပဲ ဖြစ်ဖြစ်၊ လက်ခံသူကပဲဖြစ်ဖြစ် တစ်ဖက်စောင်းနင်းအားသာနေရင် နားလည်ပေးခြင်း၊ လက်ခံပေးခြင်း၊ လက်တွဲဆောင်ရွက်ခြင်းတို့ကိုလုပ်တတ်တဲ့ စွမ်းအင်တွေရှိဖို့ လိုပါတယ်။

ဒီနေ့ ဒီချိန်အခါမှာ လူသားတိုင်း မိမိမှာ အခွင့်အရေးတွေရှိတယ်၊ စနစ်တကျ ရယူပိုင်ဆိုင်ခွင့်ရှိတယ်၊ စနစ်တကျ မိမိအခွင့်အရေးကို မိမိကိုယ်တိုင် ဖော်ဆောင်ခွင့်ရှိပါတယ်။ အခွင့်အရေးတိုင်းမှာ စည်းကမ်းတွေ၊ တန်ဖိုးထားမှုတွေရှိတယ်။

လူသားထဲက လူသားဖြစ်တဲ့ အမျိုးသမီးတိုင်းမှာ လည်း မိမိကိုယ်မိမိ ကာကွယ်ပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်တဲ့ လုပ်ပိုင်ခွင့်တွေရှိပါတယ်။ သို့သော်လည်း တစ်ခါတစ်ရံ မိမိကိုယ်တိုင် (သို့) အခြားသူတစ်ဦး(သို့) အုပ်စုလိုက် အကြမ်းဖက်ခံရမှုတွေ၊ ပတ်ဝန်းကျင်ရဲ့ ထိုးနှက်တိုက်ခိုက်မှုတွေအပေါ် ဗဟုသုတနည်းပါးခြင်း၊ သိမ်ငယ်စိတ်၊ အားငယ်စိတ်၊ ရှက်ကြောက်စိတ်တွေ ရှိခြင်းတို့ကြောင့် မိမိရဲ့ ကိုယ်ပိုင်စွမ်းအားတွေကို အသုံးပြုရမှန်းမသိနိုင်လောက်အောင် ဖြစ်တတ်ကြပါတယ်။ ဒီလိုအခါမျိုးတွေမှာ လူသားချင်းညှာတာစိတ်၊ ကူညီလိုသောစိတ်တွေနဲ့ ကူညီသူတွေလည်းပေါ်လာပြီး ဥပဒေဘောင်အတွင်း အားကြိုးမာန်တက် ကူညီတတ်ကြပါတယ်။

အကောင်းဆုံးရလဒ်တွေ

အမှန်တကယ်ပြဿနာဖြစ်မှ ကူညီရတာထက် ပြဿနာမဖြစ်အောင် ကာကွယ်တားဆီးဖို့၊ သူတို့ဘဝဖွံ့ဖြိုးတိုးတက်အောင် ပိုင်းဝန်းစောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ အမျိုးသမီးတွေကိုယ်တိုင် မိမိရဲ့ ရှိပြီးသား အခွင့်အရေးတွေကို သိရှိနားလည်နေဖို့လိုအပ်ပါတယ်။ ပြဿနာဖြစ်အောင်လုပ်သူတွေကိုယ်တိုင်ကလည်း အမျိုးသမီးတွေမှာ မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်ခွင့်ရှိတဲ့ အခွင့်အရေးတွေရှိနေတယ်ဆိုတာ သိနေမယ်ဆိုရင်၊ မဖြစ်အောင် မိမိဘက်က ထိန်းသိမ်းမယ်ဆိုရင် အကောင်းဆုံးရလဒ်တွေ ရလာမှာဖြစ်ပါတယ်။ အမျိုးသမီးတွေ ကိုယ်တိုင်လည်း ဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အန္တရာယ်ကင်းကင်း ပိုမိုတိုးတက်အောင် လုပ်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။

> **အမှန်တကယ်ပြဿနာဖြစ်မှ ကူညီရတာထက် ပြဿနာမဖြစ်အောင် ကာကွယ်တားဆီးဖို့၊ သူတို့ဘဝဖွံ့ဖြိုးတိုးတက်အောင် ပိုင်းဝန်းစောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ အမျိုးသမီးတွေကိုယ်တိုင် မိမိရဲ့ရှိပြီးသား အခွင့်အရေးတွေကို သိရှိနားလည်နေဖို့ လိုအပ်ပါတယ်။ ပြဿနာဖြစ်အောင် လုပ်သူတွေကိုယ်တိုင်ကလည်း အမျိုးသမီးတွေမှာ မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်ခွင့်ရှိတဲ့ အခွင့်အရေးတွေရှိနေတယ်ဆိုတာ သိနေမယ်ဆိုရင်၊ မဖြစ်အောင် မိမိဘက်က ထိန်းသိမ်းမယ်ဆိုရင် အကောင်းဆုံးရလဒ်တွေ ရလာမှာဖြစ်**

အကူအညီလိုသူအမျိုးသမီးတိုင်းမှာ မိမိကိုယ်မိမိ ထိန်းကျောင်းရင်း ဖွံ့ဖြိုးတိုးတက်နိုင်စွမ်းရှိတဲ့ စွမ်းအားတွေကို အသုံးပြုနိုင်သလို အမျိုးသမီးတွေအပေါ်မှာ အနိုင်ကျင့်လိုသော၊ အကြမ်းဖက်လိုသောသူများမှာလည်း ဒီလို အမှုအကျင့်မျိုးမထားအပ်ဘူး၊ မလုပ်အပ်ဘူးဆိုတဲ့ အသိတွေ၊ သတိတွေရှိလာနိုင်တဲ့ စွမ်းအားတွေရှိဖို့လိုပါတယ်။ ဒါကြောင့်သည် စွမ်းအားတွေကို ရလာနိုင်ဖို့၊ အသုံးချလာနိုင်ဖို့ဆိုတာ လူတိုင်းမှာ တာဝန်သိသိနဲ့ တာဝန်ယူနိုင်ဖို့၊ ပိုင်းဝန်းပြောပြနိုင်ဖို့၊ ပိုင်းဝန်းလုပ်ဆောင်နိုင်ဖို့ အထူးလိုအပ်ပါတယ်။

အမျိုးသမီးတိုင်းဟာ အသက်အရွယ်မရွေး၊ အချိန်အခါမရွေး၊ နေရာမရွေး အကြမ်းဖက်ခံရနိုင်ခြေရှိသလို အသက်အရွယ်မရွေး၊ အချိန်အခါမရွေး၊ နေရာမရွေး အမျိုးသမီးတွေဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတွေရှိပါတယ်။ ဒါကြောင့် ငယ်ရွယ်သော အမျိုးသမီး အပါအဝင် လူလတ်ပိုင်းအမျိုးသမီးများ၊ အမျိုးသမီးကြီးများကိုယ်တိုင် မိမိရဲ့စွမ်းအားတွေကို ဖော်ထုတ်လျှောက်လှမ်းနိုင်ဖို့၊ ယင်းတို့ကို ပတ်ဝန်းကျင်က ပိုင်းဝန်းကာကွယ်စောင့်ရှောက်နိုင်ဖို့၊ လူသားတိုင်းသာ တာဝန်ယူနိုင်တဲ့ စွမ်းအားတွေကို အသုံးချမယ်ဆိုရင်၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းတတ်မယ်ဆိုရင် မိမိရဲ့ မျိုးဆက်မှာ၊ လူသားတိုင်းရဲ့ မျိုးဆက်တိုင်းမှာ အရည်အသွေး ပြည့်ဝတဲ့ လူသားတွေအဖြစ် ရပ်တည်လာနိုင်ကြပါလိမ့်မယ်။

ပိုင်းဝန်းကူညီဖြေရှင်း

အမျိုးသမီးအရေးကို ဖော်ဆောင်နေတဲ့ အဖွဲ့အစည်းတွေက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာ ရှိကြပါတယ်။ လူသားတွေရဲ့ စိတ်ခံစားချက်တွေ၊ လူမှုရေး အခက်အခဲတွေကို ပိုင်းဝန်းကူညီဖြေရှင်းပေးကြတဲ့ ကျွန်မတို့ နှစ်သိမ့်ဆွေးနွေးပေးကြသူတွေမှာလည်း နေရာဒေသမျိုးစုံက အကြောင်းအမျိုးမျိုးကြောင့် လူမှုဒုက္ခ၊ စိတ်သောကရောက်နေကြတဲ့ ကျားမ မရွေး၊ ကြီးငယ်ရွယ်လတ် အစုံပါဝင်တဲ့သူတွေကို နှစ်သိမ့်အားပေးကြပါတယ်။ အားပေးဆွေးနွေးရင်း သူတို့ရဲ့ အခွင့်အရေးတွေကို သူတို့ကိုယ်တိုင် နားလည်သဘောပေါက် လက်ခံကျင့်သုံးတတ်လာအောင် ပုန်းအောင်းနေတဲ့ စွမ်းအင်ပုန်းတွေကို ဖော်ထုတ်အသုံးချလာအောင်၊ စွမ်းအင်တွေရရှိလာအောင်၊ တိုးပွားလာအောင် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှနဲ့ လုပ်ဆောင်ပေးကြရာမှာ မိမိကိုယ်မိမိရော၊ မိမိအသိုင်းအဝိုင်းကိုရော ကာကွယ်စောင့်ရှောက် တတ်သွားတဲ့၊ ဘဝမှာဆက်လက်ဖွံ့ဖြိုးရှင်သန်အောင် နေတတ်သွားတဲ့ သူတွေကို တွေ့ရရင် ကျွန်မတို့ အားပေးဆွေးနွေးသူ အဖွဲ့တွေ အလွန်ကြည်နူးကြရပါတယ်။ သူတို့မှာလည်း အရွယ်အလိုက်၊ အချိန်အခါအလိုက် အဆင်းရှိရှိ၊ အချင်းရှိရှိ၊ တန်ဖိုးရှိရှိ နေနိုင်ကြပါလားဆိုတဲ့ အသိတွေ၊ အလုပ်တွေကို ပေးလိုက်ခွင့်ရလို့ အလွန်ဝိတိ ဖြစ်ကြရပါတယ်။

ဒါကြောင့် "မျိုးဆက်တိုင်းအတွက် လိုအပ်ချက် အမျိုးသမီးအခွင့်အရေးသိလျက် ဖော်ဆောင်ရွက်" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျွန်မတို့အားလုံး တာဝန်ယူဆောင်ရွက်ရင်း ၂၀၂၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါတယ်။ ။

ကျောင်းတိုက်ကျေးရွာ၌ ဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာ နွားလှည်းယဉ်ကြော့နှင့် နွားလှည်းဒုန်းပြိုင်ပွဲ ကျင်းပ

နေပြည်တော် မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောင်းတိုက်(စ်ပြ)ကျေးရွာ၌ ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အထိမ်းအမှတ် ဆဋ္ဌမ အကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းယဉ်ကြော့နှင့် နွားလှည်းဒုန်းပြိုင်ပွဲဆုပေးပွဲအခမ်းနားကို အဆိုပါကျေးရွာအနီး လယ်ကွင်းပြင်၌ ကျင်းပသည်။

ယနေ့ခေတ်တွင် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရိုးရာဓလေ့ကို ပြန်လည် ဦးမော့လာစေရန်ရည်ရွယ်၍ မတ် ၃ ရက်မှ စတင်ကာ နွားလှည်းယဉ်ကြော့ အကြီးပြိုင်ပွဲ၊ နွားလှည်းယဉ်ကြော့ အလတ်ပြိုင်ပွဲ၊ နွားလှည်းဒုန်း အကြီးပြိုင်ပွဲများကို သုံးရက်တိုင်တိုင် စည်းမျဉ်းစည်းကမ်းများ၊ အမှတ်ပေး နည်းစနစ်များနှင့် အညီ နွားလှည်းပေါင်း ၂၄ စီး ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။

"မြန်မာ့ရိုးရာ ကျေးလက်ယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် ခံယူပြီး ထိန်းသိမ်းစောင့်ရှောက်တတ်စေဖို့၊ စိုက်ပျိုးရေး လုပ်ငန်းတွေမှာ လယ်ယာသုံး စက်ကိရိယာတွေ အသုံးများလာချိန် တောင်သူတွေရဲ့ လက်ထဲမှာ နွားကောင်း နွားလှတွေ ကျန်နေရစ်စေဖို့၊ မြန်မာ့ရိုးရာ နွားလှည်းတွေကို တန်ဖိုးထားတတ်စေဖို့ ရည်ရွယ်ပြီး ပြုလုပ်လာတာ ခြောက်ကြိမ် ရှိပါပြီ။ ကလေးမြို့နယ် သာမက ဂန့်ဂေါမြို့နယ်မှ နွားပိုင်ရှင်များပါ လာရောက်ယှဉ်ပြိုင်ကြပါတယ်"ဟု ပြိုင်ပွဲကျင်းပရေး ကော်မတီဝင် ကျောင်းတိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးပြုံးမောင်မောင်က ပြောသည်။ **ကျော်ကြီး(သတင်းစဉ်)**

မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီနှင့် UNCTFMR တို့၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၅

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီနှင့် UNCTFMR တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့်ကော်မတီဝင်များနှင့် UNCTFMR ဘက်မှ UNICEF, UNRCO, ILO, Save the Children, UNHCR,WFP, World Vision မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယခုအစည်းအဝေးသည် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့ ပထမအကြိမ် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၏အကျိုးစီးပွားကို အကောင်းဆုံး အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေ (၂၀၁၉)တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များကို ကာကွယ်ပေးနိုင်ရန် မိမိတို့ အထူးကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ကော်မတီဖွဲ့စည်းရခြင်းအကြောင်းရင်းမှာ မိမိတို့နိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခများ မချုပ်ငြိမ်းသေးသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများသည် နှစ်ရှည်လများ နှစ်ပေါင်း ဂုဝ ကျော်တိုင်အောင် ဖြစ်ပွားလျက်ရှိနေပါကြောင်း။

လက်နက်ကိုင်ပဋိပက္ခများတွင် ပြည်သူများလုံခြုံမှုရှိစေရန် ငြိမ်းချမ်းမှုကို ဦးတည်သွားမည့် ဆောင်ရွက်မှုများကို မိမိတို့အနေဖြင့် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံအနေဖြင့် အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ ပဋိပက္ခများရှိဆဲကာလတွင် ပြည်သူများ လုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ လုံခြုံမှုရှိစေရေးဆောင်ရွက်ရာတွင် ကလေးသူငယ်များအတွက် အဓိကထား၍ စဉ်းစားဆောင်ရွက်နေသည့် ကိစ္စရပ်များအား လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ကော်မတီမဖွဲ့မီ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ဥပဒေအသစ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ် (New Child Rights Law) သည် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရန်လုပ်ငန်းအား အကောင်အထည်ဖော်မည်ဖြစ်သောကြောင့် ကော်မတီတစ်ရပ်အားဖွဲ့စည်းရန်လိုအပ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်နှင့် ကော်မတီပေါ်ပေါက်လာပြီး ဖြစ်ပါကြောင်း၊ ကော်မတီသည် ဥပဒေအား အကောင်အထည်ဖော်ရာလည်းရောက်ရှိပါကြောင်း၊ လိုအပ်သဖြင့် သီးခြားဖွဲ့စည်းခဲ့သည့် ကော်မတီတစ်ရပ်ဖြစ်ပါကြောင်း။

ဥပဒေတွင်ရှိသည့် ကလေးသူငယ်များ၏အခွင့်အရေးအား အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းမှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ် အခန်း(၁၇)တွင် ကလေးသူငယ်များအနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကျူးလွန်ခံရမှုများမှ ကာကွယ်တားဆီးရန်အတွက် သီးခြားအခန်းကဏ္ဍတစ်ခုအနေဖြင့် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ၎င်းအခန်းကဏ္ဍတွင် ပုဒ်မများနှင့် ဆောင်ရွက်ရမည့်ကိစ္စများ ပါဝင်ပါကြောင်း၊ ပြစ်မှု/ပြစ်ဒဏ်ကိစ္စရပ်များလည်း ပါဝင်ပါကြောင်း၊ သေချာစွာ ရေးဆွဲထားပြီးဖြစ်သောကြောင့် ဥပဒေအား အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် အထူးကော်မတီတစ်ရပ် လိုအပ်လာသောကြောင့် ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ရခြင်းဖြစ်ပါကြောင်း၊ ကော်မတီတွင် လုပ်ငန်းတာဝန် (၁၀)ရပ် သတ်မှတ်ထားပါကြောင်း၊ လုပ်ငန်းတာဝန် နံပါတ် (၄)တွင် ပါရှိသောအချက်မှာ ကော်မတီသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNICEF, UNDP အဖွဲ့အစည်းများ အပါအဝင် CTFMR နှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်ဆောင်ရွက်ရန် ယနေ့အစည်းအဝေးအား ကျင်းပရခြင်းဖြစ်ပါကြောင်း။

အမျိုးသားအဆင့် လုပ်ငန်းစီမံချက်

အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ရာတွင် CTFMR နှင့် ပူးပေါင်းဆောင်ရွက်မည်ဟူသော အချက်ကို ယနေ့တွင် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲပြီးနောက်ပိုင်း မိမိတို့ကော်မတီနှင့် CTFMR တို့ တွေ့ဆုံရသည်မှာ ပထမအကြိမ်ဖြစ်ပြီး ကော်မတီတွင် လုပ်ငန်းကော်မတီနှင့် Core Group အဖွဲ့များ ရှိပါကြောင်း၊ လုပ်ငန်းကော်မတီနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ပြီး Core Group နှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ပြီးဖြစ်ပါကြောင်း၊ ကော်မတီ၏ အစည်းအဝေးမှာလည်း ငါးကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ CTFMR အနေဖြင့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ များစွာသိရှိထားပြီးဖြစ်ပါကြောင်း၊ ယနေ့ တွေ့ဆုံမှုမှာ ကော်မတီအနေဖြင့် တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရန် Commitment for Cooperation and Coordination အတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ကော်မတီသည် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းတာဝန်ကိုလည်း ကျေပွန်အောင် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအပေါ် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာများတွင်လည်း စာရင်းသွင်း ဖော်ပြနေမှုများရှိပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် စာရင်းဖော်ပြချက်များတွင် မိမိတို့လုပ်ဆောင်ချက်များအား ထိထိမိမိ ဆောင်ရွက်နိုင်ရန်အတွက် တွန်းအားပေးခြင်းဖြစ်သကဲ့သို့ ဆောင်ရွက်သည်များတွင် လိုအပ်နေသေးသည်ကို ဆိုလိုခြင်းလည်းဖြစ်ပါကြောင်း၊ မိမိတို့ ဆောင်ရွက်နေခြင်းမှာလည်း ကလေးသူငယ်များ၏အကောင်းဆုံးအကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်နေသည့် နိုင်ငံဖြစ်သည်ကို အသိအမှတ်ပြုစေလိုပါကြောင်း၊ CTFMR နှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း စတင်နေပြီဖြစ်သောကြောင့် မိမိတို့နိုင်ငံအပေါ် စာရင်းသွင်းထားရှိမှုများ ပြောင်းလဲသွားမည်ဟု ယူဆပါကြောင်း၊ ယနေ့တွေ့ဆုံရသည့် အစည်းအဝေးသည် အလွန်အရေးကြီးပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ ယခုအစည်းအဝေးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ နောက်ဆက်တွဲစာရင်းမှ ပယ်ဖျက်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း မျှော်လင့်သည်ဟု ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် Country Task Force on Monitoring and Reporting (CTFMR) ၏ Co-Chair ဖြစ်သူ Ms. June Kunugi က မြန်မာနိုင်ငံအစိုးရသည် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီအနေဖြင့် ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများနှင့် ပတ်သက်သည့် လုပ်ငန်းစီမံချက်အား တင်ပြပေးသည့်အတွက်ကြောင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ အစည်းအဝေးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်နေမှုများကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ အသိအမှတ်ပြုပါကြောင်း၊ ယခုလိုကာလအတွင်း ကော်မတီအနေဖြင့် မြောက်မြားစွာသော ကြိုးပမ်းအားထုတ်မှုများကို ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါကြောင်း၊ ကလေးသူငယ်များဆိုင်ရာအခွင့်အရေးဥပဒေအသစ် ထွက်ပေါ်လာသည်ကို တွေ့ရှိရပါကြောင်း။

နောက်ဆက်တွဲစာချုပ်ဖြစ်သည့် ကလေးသူငယ်များအား လက်နက်ကိုင်ပဋိပက္ခအတွင်း ပါဝင်မှုနှင့်ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ လက်မှတ်ရေးထိုးနိုင်သည်အထိ တွေ့ရှိရပါကြောင်း၊ ကော်မတီအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ စာချုပ်ပါအပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစွာ ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထိုသို့ ဖော်ပြထားသည်မှာ ကော်မတီသည် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရန်အတွက် ကြိုးစားဆောင်ရွက်ထားသည်ကို ထင်ဟပ်ဖော်ပြနေပါကြောင်း။

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ပြဋ္ဌာန်းချက်အရ ကြီးလေးသော ပြစ်မှုကျူးလွန်ခြင်းများကို စောင့်ကြည့်စစ်ဆေးအတည်ပြုခြင်းသည် CTFMR ၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ Joint Action Plan အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ National Action Plan ဖြင့် ဆိုပါက CTFMR ၏ ပူးပေါင်းပါဝင်ခြင်းထက် CTFMRမှ အဖွဲ့ဝင်တစ်ဖွဲ့ချင်းစီ၏ ပူးပေါင်းဆောင်ရွက်ပံ့ပိုးမှုသာ ရှိရှိနိုင်မည်ဖြစ်ပါကြောင်း၊ CTFMR အဖွဲ့အနေဖြင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ၏အရေးပါမှုကို နားလည်သဘောပေါက်ပါကြောင်း၊ ကလေးသူငယ်များကို ကာကွယ်ပေးရန်နှင့် ကလေးစစ်သား အသုံးပြုသည်များကို တားဆီးရန်နှင့် ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာ အရေးယူသွားရန် ယန္တရားတစ်ခု ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရနှင့် တပ်မတော်မှ ဆောင်ရွက်ပေးနေသည့် အရွယ်မရောက်သေးသူများ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးဆိုင်ရာလုပ်ငန်းများကို အသိအမှတ်ပြုပါကြောင်း။

ကလေးစစ်သား ပယ်ဖျက်ရေး

ကုလသမဂ္ဂမှ ချမှတ်ထားသည့် Safe School Declaration အရ အစိုးရအနေဖြင့် စာသင်ကျောင်းများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ Safe School Declaration သည် လက်နက်ကိုင်အဖွဲ့တိုင်းတွင် တာဝန်ရှိသဖြင့် မကြာမီကျင်းပမည့် ပင်လုံညီလာခံတွင် ထည့်သွင်းဖော်ပြသွားစေလိုပါကြောင်း၊ ကလေးစစ်သား ပယ်ဖျက်ရေးအတွက် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များသည် ကမ္ဘာ့အဆင့်တွင် သိရှိအောင်မြင်ထားပြီး ဖြစ်ပါကြောင်း၊ CTFMR အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းကူညီဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း၊ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်မှ မြန်မာနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုထားသည့်အချက်(၆)ချက်ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အား မြန်မာဘာသာဖြင့် အတည်ပြုပြီးဖြစ်ပြီး အင်္ဂလိပ်ဘာသာပြန်အား စိစစ်အတည်ပြုနိုင်ရေး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ထားပါကြောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန အနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းများကို Focal Person အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများအား ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ်၊ ၁၆၁၂ (၂၀၀၅)နှင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်များအရ သတ်မှတ်ထားသော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ် (Six Grave Violations)ဖြစ်သည့် ကလေးသူငယ်များအား သေကျေထိခိုက်ဒဏ်ရာရစေခြင်း၊ အရွယ်မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်း၊ ကျောင်းနှင့်ဆေးရုံများအား တိုက်ခိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်းနှင့် ကလေးသူငယ်များအား လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပိတ်ပင်ခြင်းတို့မှ ကာကွယ်တားဆီးရန်အတွက် "လက်နက်ကိုင်ပဋိပက္ခအတွင်းကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ"ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံသားခရီးသည်များအတွက် မြန်မာကျပ်ငွေဖြင့် ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ်များကို Website တွင် စတင်ရောင်းချမည်

နေပြည်တော် မတ် ၅

မြန်မာအမျိုးသားလေကြောင်း၏ Website ဖြစ်သည့် www.flymna.com တွင် ပြည်တွင်းပြည်ပခရီးစဉ်များကို မြန်မာငွေဖြင့် မတ် ၅ ရက်မှ စတင်ဝယ်ယူနိုင်မည်ဖြစ်ပြီး ထိုသို့ မြန်မာငွေဖြင့် ရောင်းချခြင်းသည် မြန်မာနိုင်ငံသားများအတွက်သာဖြစ်သည်ဟု သိရသည်။ မကြာမီ မြန်မာအမျိုးသားလေကြောင်း Mobile Application တွင်လည်း မြန်မာငွေဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။ Website ပေါ်တွင် ခရီးစဉ်ရွေးချယ်သည့်အခါ Local ခလုတ်နှိပ်၍ မြန်မာငွေဖြင့် ကြည့်ရှုနိုင်ပြီး Foreigner ခလုတ်ကိုနှိပ်၍ USD ဖြင့်လည်း ခရီးစဉ်ဈေးနှုန်းများကို ကြည့်ရှုနိုင်မည် ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း Website တွင် မတ် ၆ ရက်မှ ဧပြီ ၄ ရက်အတွင်း လေယာဉ်လက်မှတ်ဝယ်ယူသော ခရီးသည်များသည် အထူးလျှော့ဈေး ၁၅ ရာခိုင်နှုန်း ခံစားခွင့်ရှိမည်ဟုလည်း သိရသည်။ ခရီးသွားကာလကို မတ် ၆ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ထားပြီး မြန်မာငွေပေးချေမှုကို 123 Service နှင့် MPU Card များဖြင့် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျိုင်းလော

COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၅-၃-၂၀၂၀ ရက်နေ့ထိ)

(၅-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၅-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၀၁:၃၀) နာရီအချိန်ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၇၇) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၉၃,၀၉၀) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၃,၁၉၈) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၄) %
- **ကမ္ဘာပေါ်တွင် ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ -**

စဉ်	နိုင်ငံ	ဖြစ်သည်မှ ယခုအချိန်ထိ	
		ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း	သေဆုံးသူ စုစုပေါင်း
၁။	ကိုရီးယားသမ္မတနိုင်ငံ	၅,၃၂၈	၃၂
၂။	အီတလီ	၂,၅၀၂	၈၀
၃။	အီရန်	၂,၃၃၆	၇၇
၄။	ဂျပန်	၂၈၄	၆
၅။	မြင်သစ်	၂၁၂	၄
	(၅) နိုင်ငံ စုစုပေါင်း	၁၀,၆၆၂	၁၉၉

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များ ရှိလာပါကြောင်း၊
- တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၃၁) နိုင်ငံမှာ -

စဉ်	ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ	နိုင်ငံ
၁။	အနောက်ပစိဖိတ်ဒေသ	- ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ သြစတြေးလျ၊ မလေးရှား၊ ဗီယက်နမ်
၂။	ဥရောပဒေသ	- အီတလီ၊ ဂျာမနီ ၊ ပြင်သစ်၊ စပိန်၊ အင်္ဂလန်၊ ဓလန်ဒီအေးရှား၊ ဆန်မာရီနို၊ နေဝေး၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဂရိ၊ ဖင်လန်၊ ဒိန်းမတ်၊ ဆွီဒင်၊ အစ္စရေး၊ ရိုမေးနီးယား
၃။	အရှေ့တောင်အာရှဒေသ	- ထိုင်း၊ အင်ဒိုနီးရှား
၄။	အရှေ့အလယ်ပိုင်းဒေသ	- အီရန်၊ ယူအေအီး၊ လက်ဘနွန်
၅။	အမေရိကဒေသ	- အမေရိကန်၊ ကနေဒါ၊ အီကွေဒေါ
၆။	အာफရိကဒေသ	- အယ်လ်ဂျီးရီးယား

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ရောဂါကူးစက်ပြန့်ပွားနိုင်မှုအခြေအနေ (Risk Assessment) အား-
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများအားလုံးတွင် အလွန်မြင့်မားသည့် အဆင့်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

၂။ (၁၆-၂-၂၀၂၀) ရက်နေ့မှ (၂၄-၂-၂၀၂၀) ရက်နေ့အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော လေ့လာဆန်းစစ်ချက်များအပေါ် ထုတ်ပြန်သောအစီရင်ခံစာ (WHO-China Joint Mission Report on COVID-19) အရ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ (၅၅,၉၂၄) ဦးအား လေ့လာဆန်းစစ်ရာတွင် တွေ့ရှိရသော အဓိကရောဂါလက္ခဏာများဖြစ်ပွားမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

စဉ်	ရောဂါလက္ခဏာများ (Signs and Symptoms)	ရာခိုင်နှုန်း
၁။	ဖျားနာခြင်း (Fever)	၈၇.၉
၂။	ချောင်းခြောက်ဆိုးခြင်း (Dry cough)	၆၇.၇
၃။	ကိုယ်လက်မအီမသာဖြစ်ခြင်း (Fatigue)	၃၈.၁
၄။	သလိပ်ထွက်ခြင်း (Sputum production)	၃၃.၄
၅။	မောခြင်း (Shortness of breath)	၁၈.၆
၆။	လည်ချောင်းနာခြင်း (Sore throat)	၁၃.၉
၇။	ခေါင်းကိုက်ခြင်း (Headache)	၁၃.၆
၈။	ကြွက်သားကိုက်ခဲခြင်း၊ အဆစ်ကိုက်ခဲခြင်း (Myalgia or Arthralgia)	၁၄.၈
၉။	ချမ်းတုန်ခြင်း (Chills)	၁၁.၄
၁၀။	မူးဝေအော့အန်ခြင်း (Nausea or Vomiting)	၅
၁၁။	နာခေါင်းပိတ်ခြင်း (Nasal Congestion)	၄.၈
၁၂။	ဝမ်းလျှောခြင်း (Diarrhea)	၃.၇
၁၃။	ချောင်းဆိုးသွေးပါခြင်း (Haemoptysis)	၀.၉
၁၄။	မျက်စိနာ (Conjunctiva Congestion)	၀.၈

COVID-19 ရောဂါလက္ခဏာအခြေအနေမှာ -

- သာမန်မှ အလယ်အလတ် (Mild to Moderate) - (၈၀ %)
- ပြင်းထန် (Severe) - (၁၃.၈ %)
- အထူးပြင်းထန်စွာရောဂါခံစားရခြင်း(Critically ill) - (၆.၁ %) တို့ ဖြစ်ကြပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပတွင် ဖြစ်ပွားလျက်ရှိသော ဓာတ်ခွဲအတည်ပြုလူနာများအနက် (၈၀ %) မှာ ကိုရီးယားသမ္မတနိုင်ငံ၊ အီရန်နိုင်ငံနှင့် အီတလီနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါပိုး မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၁၁၇)နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်းပါဝင်ကြောင်း တွေ့ရှိရပါသည်။

၃။ COVID-19 ရောဂါနှင့် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) အဓိကခြားနားချက်များမှာ ယခုလက်ရှိ အချိန်အထိ လေ့လာချက်များအရ -

- COVID-19 ရောဂါသည် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) ထက် ရောဂါလက္ခဏာ ပိုမိုပြင်းထန်နိုင်ကြောင်းနှင့် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) သည် ကာကွယ်ဆေး (Vaccine) ရှိသော်လည်း COVID-19 ရောဂါသည် ကာကွယ်ဆေးနှင့် ကုသရန်ဆေး ယခုအချိန်အထိ မတွေ့ရှိရသေးကြောင်း သိရှိရပါသည်။

၄။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၅-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီ အချိန်ထိ

	ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ				လူနာဦးရေ စုစုပေါင်း
	ပိုးတွေ့	ပိုးမတွေ့	ဓာတ်ခွဲနမူနာ စောင့်ဆိုင်းဆဲ	ဓာတ်ခွဲနမူနာ ရယူဆဲ	
စောင့်ကြည့်လူနာ	-	၅၂	၁	၂	၅၅
သံသယလူနာ	-	၂	-	-	၂
စုစုပေါင်း	-	၅၄	၁	၂	၅၇

၅။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၅-၃-၂၀၂၀) ရက်နေ့အထိ သံသယလူနာနှင့်စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၀) ဦး၊ ရှမ်းပြည်နယ်တွင် (၁၄) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၀) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၃) ဦး စုစုပေါင်း (၅၇) ဦးတို့ ဖြစ်ပါသည်။

၆။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID - 19 ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ်ထိတွေ့သူများ (အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်) တို့အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် ဆက်လက်အားဖြည့်ဆောင်ရွက်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့်ကုသမှုများ ပေးလျက်ရှိခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ရေးသားဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာ ဆောင်ရွက်ရမည့်လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/ MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြားပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(c) COVID - 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာနီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၉ သို့ *

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် ကမ္ဘာနိုင်ငံ (၇၇) နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်တွင် နေထိုင်သော အသက် (၂၇) နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသမီးတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရွှေလီမြို့မှ (၄-၃-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရာ မူဆယ်မြို့နယ်စပ် ဝင် ထွက်ဂိတ်၌ ကျန်းမာရေးဝန်ထမ်းများမှ အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ကိုယ်အပူချိန်မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် လူနာအားစစ်ဆေးခဲ့ရာ (၂-၃-၂၀၂၀) ရက်နေ့မှစ၍ ဖျားခြင်း၊ ချောင်းဆိုးခြင်းရောဂါလက္ခဏာများ ခံစားခဲ့ရကြောင်း သိရှိရသည့်အတွက် မူဆယ်ပြည်သူ့ဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ ၎င်းအားစောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအမျိုးသမီး၌ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

၃။ (၅-၃-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ ဓာတ်ခွဲအဖြေပြန်ကြားချက်အရ သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော -

(က) ဝေဘာဂီ အထူးကုဆေးရုံမှ အသက် (၃၂) နှစ်အရွယ် အမျိုးသမီး (၁) ဦး နှင့်

(ခ) မူဆယ်ပြည်သူ့ဆေးရုံမှ အသက် (၉) နှစ်အရွယ် အမျိုးသား (၁) ဦး၊ စုစုပေါင်း (၂) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၄။ ယနေ့ (၅-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ လူနာ (၃) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၅။ ကျောက်ပန်းတောင်းမြို့နယ်ဆေးရုံတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုခံယူနေသော အသက် (၂၆) နှစ်အရွယ် အမျိုးသား (၁) ဦးသည် ယနေ့၊ ညနေ စစ်ဆေးချက်များအရ ကျန်းမာရေးအခြေအနေ ကောင်းမွန်ပါသည်။

၆။ (၅-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၇၇) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

*** စာမျက်နှာ ၈ မှ**

၇။ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် အဖွဲ့အစည်းများထံမှ ဆေးနှင့် ဆေးပစ္စည်းများ ယနေ့ (၅-၃-၂၀၂၀) ရက်နေ့အထိ လက်ခံရရှိမှုအခြေအနေ

နံပါတ်	အဖွဲ့အစည်း အမည်	Personal Protective Equipment (အစုံရေ)	N95 Mask (ခု)	Surgical Mask (ခု)	Surgical Gown	Hand Gel (ဗူး)	Protective goggles	Non-Contact Thermo meter(ခု)	Ventilator (ခု)	Glove (ခု)
၁။	ကျန်းမာရေးဝန်ထမ်း	၆၀၀	၅,၅	၃၀,၀၀၀	၁,၀၀၀	၄,၅၅	၅၀၀	-		၂၀,၀၀၀
၂။	မြန်မာနိုင်ငံ ကြက်မြေနီ အသင်း	၂,၅၀၀	-	၅,၁၀၀		၁,၈၅၇		-		၆,၀၀၀
၃။	Sea Lion Company	၂,၀၀၀	-	-	-	-		-		
၄။	ဥယျာဉ်သီရိ ကုမ္ပဏီ	၁,၀၀၀	-	-		၂,၄၅		-		
၅။	ဒီဇာကုမ္ပဏီ	-	-	-		-		၄၅		
၆။	Gold Lite Co.,Ltd		၂,၀၀၀							
၇။	Edlon Global Group နှင့် အခြား အလှူရှင်များ	၃,၃၀၀								
၈။	ဝီရွင်းကုမ္ပဏီ ဒီသာရေ								၅	
၉။	Valven Co.,Ltd			၂,၀၀၀						
၁၀။	USAID	၁,၀၀၀	၃,၅၅၀	၆၀,၀၀၀		၅၅၀				၂၀,၀၀၀
၁၁။	China							၁၀၀		
၁၂။	INGOS			၅,၇၀၀		၁,၁၅၅	၅၀၀			၃,၂၀
၁၃။	INGO	၂,၀၀၀	၁,၆၀၀	၁၀,၃၅၀		၁,၆၀၀	၂၀			၅၀၀
	စုစုပေါင်း	၁,၂၄၀	၅,၆,၅	၁၁၃,၁၅၀	၁,၀၀၀	၆,၁၅၆	၁,၀,၀	၁၃,၅	၅	၄၆,၅,၀

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော ဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့လျှပ်ဒါန်းပေးသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆေးကုမ္ပဏီကြီးများအားလုံးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုအနေဖြင့် အသက်ရှူအားကူစက် (Ventilator) နှင့် အခြားလိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများကို ဝယ်ယူဖြန့်ဖြူးလျက်ရှိပါသည်။

၈။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါဖြစ်ပွားသူလူနာ မတွေ့ရှိသေးသော်လည်း -

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့်အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယရောဂါလက္ခဏာရှိသူများ မဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်းရောဂါကူးစက်မှု - Local transmission) များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားရာတွင် အလုံပိတ်အခန်း (သို့မဟုတ်) လေယာဉ်၊ သင်္ဘော၊ အလုံပိတ် အဝေးပြေးဘတ်စ်ကားကဲ့သို့သော နေရာများတွင် ရောဂါကူးစက်မှု များပြားနိုင်ကြောင်း တွေ့ရှိရ၍ ပြည်သူလူထုများ အနေဖြင့် သတိပြုရန် လိုအပ်ပါသည်။

၉။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

(ဂ) ရောဂါဖြစ်ပွားနေသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်ရှိလာသော အမှုန်အမွှားများမှတစ်ဆင့် ရောဂါကူးစက်နိုင်သဖြင့် လက်ကိုမကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးရန်အတွက် ပွဲလမ်းသဘင်များတွင် ဆပ်ပြာနှင့် ရေ (သို့မဟုတ်) လက်သန့်စင်ဆေးရည် (Hand Sanitizer) များ စီစဉ်ထားရှိရန်၊

(ဃ) ပွဲလမ်းသဘင်များ မကျင်းပမီ COVID-19 ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား (၅) မိနစ်ခန့် အချိန်ယူပြောကြားရန်၊

(င) အကယ်၍ ထိုသို့မလွဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါး စေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာစနစ်တကျ လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

မြန်မာ့ခရီးသွားဘဏ် ဘုရင့်နောင်ပွဲရုံ၌ ဖွင့်လှစ်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုစေမည့် မြန်မာ့ခရီးသွားဘဏ် (MTB)(ဘုရင့်နောင်ဘဏ်ခွဲ) ဖွင့်ပွဲ အခမ်းအနားကို မတ် ၄ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း ယုဇနလမ်းအမှတ် (ည / ၄၄) ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ခရီးသွားဘဏ်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် တာဝန်ရှိသူတို့က ဘဏ်အဆောက်အဦကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဘဏ်၏ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

မြန်မာ့ခရီးသွားဘဏ် (ရုံးချုပ်) နှင့်ဘဏ်ခွဲကို ၂၀၁၉ ခုနှစ် မေ ၆ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မန္တလေးမြို့ (၂၇) လမ်းဘဏ်ခွဲ၊ နေပြည်တော် (သပြေကုန်း) ဘဏ်ခွဲ၊ ကရင်ပြည်နယ် မြဝတီမြို့ မြဝတီဘဏ်ခွဲတို့ကို ဖွင့်လှစ်ပြီးဖြစ်သည်။

မြန်မာ့ခရီးသွားဘဏ်သည် ခရီးသွားလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ချေးငွေဝန်ဆောင်မှုများ၊ ခရီးသွားကဏ္ဍအတွက် အထူးငွေစုအတိုးနှုန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များကို ကူညီထောက်ပံ့မှုများပေးနိုင်ရန်အတွက် ချေးငွေများ၊ စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ်အပ်ငွေ၊ ခေါ်ယူအပ်ငွေ၊ စာရင်းသေအပ်ငွေတို့ကို လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အောင်သူရ

ကင်းထောက်ဆိုသည်မှာခေါင်းစဉ်ဖြင့် စကားဝိုင်း ကျင်းပ

တာရာ၊ ကေကေ
စာတ်ပုံ-ဦးတင်မောင်လတ်(ကင်းထောက်ကြီး)

ကင်းထောက်ဆိုသည်မှာခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ အပြည်ပြည်ဆိုင်ရာ ကင်းထောက်မှူးချုပ် ဦးမောင်မောင်ဝင်း၊ သီဟကင်းထောက်ကြီး ဦးဇေကျော်၊ ကင်းထောက်ကြီး အလက်ဆန်ဒြာဂီတစာဆိုဟသံတမြင့်ငွေနှင့် ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်-

ဦးအေးကြိုင်။ ။ ကျွန်တော်တို့ ကင်းထောက်သမိုင်းအစကို ကင်းထောက်ချုပ် ဒေါက်တာတင်ညိုကနေ စတင်ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါက်တာတင်ညို။ ။ ကမ္ဘာ့ကင်းထောက်အဖွဲ့ကို အရင်ဆုံးစတင်တည်ထောင်သူက လော့ဒ်ဗေဒင်ပါဝယ်လ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကင်းထောက်လုပ်ငန်း စခဲ့တယ်ဆိုတဲ့ အထောက်အထားတွေကို ကွယ်လွန်သွားတဲ့ ဦးတင်နိုင်တိုးရဲ့ မှတ်တမ်းစာအုပ်ထဲမှာ ညွှန်းထားတာက မြန်မာနိုင်ငံမှာ ၁၉၁၆ ခုနှစ်မှာ စခဲ့တယ်လို့ မှတ်တမ်းတွေ ရှိပါတယ်။အဲဒီလိုတည်ထောင်လာခဲ့တဲ့ ကင်းထောက်အဖွဲ့ဟာ ၁၉၁၆ ခုနှစ်ကစပြီး ၁၉၆၄ ခုနှစ်ကြားထဲမှာ အင်မတန်အောင်မြင်ခဲ့တဲ့ သမိုင်းမှတ်တမ်းတွေ အများကြီးရှိခဲ့ပါတယ်။

ကင်းထောက်အကြီးအကဲအဖြစ် တာဝန်ယူ

အဲဒီသမိုင်းမှတ်တမ်းတွေအရ ပြောရရင်တော့ ကင်းထောက်စဖွဲ့ကတည်းက နောက်ဆုံးကာလအထိ နိုင်ငံတော်ရဲ့ အကြီးအကဲတွေအားလုံးဟာ ကင်းထောက်ကို စောင့်ရှောက်ခဲ့တဲ့ ကျက်သရေဆောင်ပုဂ္ဂိုလ်ကြီးတွေ၊ နာယကကြီးတွေအဖြစ် တာဝန်ယူခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံး သမ္မတကြီး စဝ်ရွှေသိုက်ကိုယ်တိုင်က ကင်းထောက်အကြီးအကဲအဖြစ် တာဝန်ယူခဲ့ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ကင်းထောက်တွေဟာ အစဉ်အဆက် နိုင်ငံရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်ပြီးတော့ အောင်မြင်မှုအများကြီးရှိပါတယ်။ အဲဒီအောင်မြင်မှုတွေရဲ့ တချို့သောအပိုင်းတွေကို ကျွန်တော့်အစ်ကိုကြီးတွေဖြစ်တဲ့ ဦးသာစိန်တို့၊ ဦးဇေကျော်တို့က သူတို့ကာလလေးတွေနဲ့ အသေးစိတ်ပြောပြမှာပါ။

အဲဒီထဲမှာ ထူးခြားချက်တစ်ခုက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆရာကြီး ဦးဘဌေး ဆိုတာရှိပါတယ်။ ဆရာကြီး ဦးဘဌေးဟာ Far East Scout Advisory Committee ကပါ။ ကင်းထောက်လို့ပြောရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံကို အာရှ-ပစိဖိတ်ဒေသမှာ ကင်းထောက်အဖြစ် တည်ထောင်မှုကို အသိအမှတ်ပြုပါတယ်။ ဆရာကြီး ဦးဘဌေးဟာ Far East Scout Advisory Committee မှာ ဥက္ကဋ္ဌပါ။ ထူးခြားတာက သူက ဒုတိယမြောက်ဥက္ကဋ္ဌဆိုပေမယ့် ပထမဆုံးရွေးချယ်တင်မြှောက်ခံရတဲ့သူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကြိုးစားအားထုတ်မှုအပေါ်မှာ ပတ်ဝန်းကျင်နိုင်ငံတွေက အင်မတန်အလေးထားတယ်။ ကျွန်တော်တို့ ကင်းထောက်စဖွဲ့မယ်ဆိုတော့ အာရှ-ပစိဖိတ်ကင်းထောက်အဖွဲ့က တာဝန်ရှိသူတွေ လာကြတယ်။ လာတဲ့သူတိုင်းက ဆရာကြီး ဦးဘဌေးကို မေးပါတယ်။ အဲဒီလောက်အထိ အလေးထားတယ်။ ဒါကို ဘယ်မှာ သွားတွေ့ရသေးသလဲဆိုရင် ကျွန်တော်တို့သွားခဲ့တဲ့ APR အဖွဲ့ချုပ်ရုံးရှိတဲ့ ဖိလစ်ပိုင်မှာပါ။ သူတို့ရဲ့ ရုံးမှာ ဆရာကြီး ဦးဘဌေးရဲ့ ပုံကို ကျကျနန ချိတ်ဆွဲထားပါတယ်။

သူ့လက်ထက်မှာ ထူးခြားတာက Far East Scout ကွန်ဖရင့်တစ်ခုကို ကျွန်တော်တို့နိုင်ငံက ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်မှာ ကျင်းပခဲ့တာပါ။ အဲဒီ အခမ်းအနားကို ဝန်ကြီးချုပ် ဦးနုလည်း တက်ပါတယ်။ မှတ်တမ်းဓာတ်ပုံတွေလည်း ရှိပါတယ်။ ဘွဲ့နှင်းသဘင်ကနေ ဝန်ကြီးချုပ် ဦးနုနဲ့ ဆရာကြီး ဦးဘဌေးတို့ ယှဉ်ပြီးထွက်လာတဲ့ပုံရှိပါတယ်။ အဲဒီထဲမှာ နိုင်ငံပေါင်းစုံက ကိုယ်စားလှယ်တွေလာပြီး တက်ရောက်ကြပါတယ်။ ဆရာကြီး ဦးဘဌေးရဲ့ ခေါင်းဆောင်မှုနဲ့ ကင်းထောက်များလှုပ်ရှားလာခဲ့ကြတာပါ။

အလားတူပဲ စာအုပ်ထဲမှာ ပြန်ကြည့်ရင် အစဉ်အဆက်ခေါင်းဆောင်ကြီးတွေ ပါတာကို တွေ့ရပါတယ်။ အဲဒီလို အစကောင်းတဲ့အချိန်မှာ ထူးခြားချက်လေးတစ်ခု ရှိပါတယ်။ သမ္မတကြီး စဝ်ရွှေသိုက် လက်ထက်မှာပါ။ ဟိုတုန်းက ကင်းထောက်ဖွဲ့စည်းမှုက အသားသေနေပြီ။ ကင်းထောက်တွေမှာ ကင်းစုတွေ ရှိတယ်။ အဲဒီအထဲက အတော်ဆုံးကင်းစုတွေကို ပြိုင်ပွဲလုပ်တယ်။ ပြိုင်ပွဲထဲမှာ ဦးခင်မောင်ဌေးတို့ ခေါင်းဆောင်တဲ့အဖွဲ့က Mayor Flag ကို သမ္မတစဝ်ရွှေသိုက်ဆီကနေ လက်ခံယူလိုက်တယ်။ ကျွန်တော်တို့ ကင်းထောက်ကို အစဉ်အမြဲကူညီပါတယ်။

ထူးခြားတာက ဆရာကြီး ဦးခင်မောင်ဌေးရဲ့ အစ်ကိုက ဒေါက်တာခင်မောင်ကြွယ်ပါ။ အစဉ်အဆက်ပါပဲ။ ဒေါက်တာခင်မောင်ကြွယ်က ရန်ကုန်တက္ကသိုလ်မှာ ကင်းထောက်ဆရာအဖြစ် ၁၇ နှစ်ကြာ လုပ်ခဲ့တယ်။ သူတို့အင်္ဂလန်ကို သွားခဲ့တယ်။ ကနေဒါမှာလည်း ကင်းထောက်ဆရာ တစ်နှစ်လုပ်ခဲ့ပါတယ်။ အင်မတန်ကို ရင့်ကျက်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါတယ်။ ဒေါက်တာခင်မောင်ကြွယ်က ကင်းထောက်ပြန်စတော့လည်း ကျွန်တော်တို့ကို စောင့်ရှောက်ပါတယ်။ ကျွန်တော့်ရဲ့ဆရာလည်း ဖြစ်ခဲ့ပါတယ်။ ကျွန်တော် ပညာရေး သုတေသနအသင်းမှာ ဥက္ကဋ္ဌဆိုတော့ ဒီအသင်းမှာ တာဝန်ယူနေတော့ ကျွန်တော်တို့ ဆရာပါပဲ။ အဲဒီလို ဆောင်ရွက်တော့ ချိတ်ဆက်ပြီးပြောရင် ဆရာ ဦးခင်မောင်ဌေးက သီဟကင်းထောက်ပါ။ ဆရာကြီး ဦးခင်မောင်ကြွယ်ရဲ့ တပည့်တွေချည်းပါပဲ။

ဦးအေးကြိုင်။ ။ ဆရာကြီးရဲ့ သမိုင်းကြောင်းဆွေးနွေးမှုက နိဒါန်းပျိုးတာပေါ့။ ဆရာကြီး ပြောလိုက်တဲ့အထဲမှာ ၁၉၁၆ ခုနှစ်မှာ မြန်မာ့ကင်းထောက်သမိုင်းကြောင်း စခဲ့တယ်။ ဒါကို အထောက်အထားအနေနဲ့ သူရိယနေ့စဉ်သတင်းစာမှာ ဖော်ပြထားတယ်။ ၁၉၆၄ ခုနှစ်မှာ ခေတ္တရပ်နားသွားတယ်။ ဒီသမိုင်းကြောင်းလေးဟာ ကျွန်တော်တို့ နိုင်ငံမှာ ကင်းထောက်နဲ့ ကင်းကွာသွားတဲ့ ကာလဆိုသော်လည်း ထူးခြားတဲ့ သမိုင်းကို ဆရာကြီး ပြောတဲ့အထဲကနေ ကြားလိုက်ရတာက ၄၈ နှစ်အကြာ ကင်းထောက်ပြန်ပေါ်လာတဲ့ အကြောင်းကိုလည်း ပြောပြပေးပါ။

ဒေါက်တာတင်ညို။ ။ ၁၉၆၄ ခုနှစ်မှာ ကင်းထောက်လှုပ်ရှားမှုရပ်နားခဲ့ပြီး ၄၈ နှစ်အကြာ ၂၀၁၂ ခုနှစ်မှာ ပညာရေးဝန်ကြီးဌာနက နိုင်ငံတော်ရဲ့လမ်းညွှန်မှုနဲ့ ကင်းထောက်ကို ပြန်လည်ဖွဲ့စည်းမယ်ဆိုတဲ့ အခါ ကျွန်တော်တို့ကို တာဝန်ပေးလာတယ်။

ဦးဆောင်ပို့ချ

ကျွန်တော့်ကို သင်တန်းဖွဲ့စည်းရေးအတွက် ဥက္ကဋ္ဌတာဝန်ပေးပါတယ်။ နောက်ပိုင်းကျတော့ ကျွန်တော်တို့က ကင်းထောက်ဖြစ်နိုင်တဲ့ ကျောင်းပေါင်း ၂၀ က ကျောင်းတစ်ကျောင်းမှာဆိုရင် ကျောင်းသား ၅၀၊ ကျောင်းသူ ၅၀ စုစုပေါင်း ၁၀၀၊ ကျောင်း ၂၀ ဆိုတော့ ၂၀၀၀ လေ့ကျင့်ပေးပါတယ်။ အဲဒီလို လေ့ကျင့်ပေးနိုင်ဖို့ ဆရာတွေကို အရင်ဆုံး သင်တန်းပေးပါတယ်။ ဆရာသင်တန်းပေးတဲ့အခါ ရန်ကုန်က အထက (၁) လမ်းမတော်မှာ ပေးပါတယ်။ ဒါက တကယ့်အခြေစိုက်နေရာလေးပါ။ ထူးခြားတာက အဲဒီတုန်းက ဆရာကြီး ဒေါက်တာခင်မောင်ကြွယ်က အဲဒီသင်တန်းကို ဦးဆောင်ပြီးတော့ ပို့ချပါတယ်။

ကျွန်တော်တို့ လက်ဆင့်ကမ်းအမွေ ကောင်းကောင်းရပါတယ်။ ဆရာကြီး ဒေါက်တာခင်မောင်ကြွယ်နဲ့အတူ ဟိုတုန်းက ကင်းထောက်ကြီးတွေလည်း ပါပါတယ်။ ဟိုတုန်းက ကင်းထောက်ကြီးတွေက ကင်းထောက်ပြန်ဖွဲ့မယ်ကြားတော့ တော်တော်ဝမ်းသာကြတယ်။

ဦးအေးကြိုင်။ ။ ဆရာကြီး ပြောတဲ့အထဲမှာ ကင်းထောက်ကြီးတွေ မြန်မာနိုင်ငံမှာ အများကြီးရှိတော့ ပြန်လည်ဖွဲ့စည်းတဲ့အခါ တွေ့ဆုံပွဲတွေ လုပ်တာမျိုးရှိပါသလားခင်ဗျာ။

ဒေါက်တာတင်ညို။ ။ ကျွန်တော် မှတ်မှတ်သားသားပြောရရင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာ ကင်းထောက်ကြီးတွေ တွေ့ဆုံပွဲလုပ်ပါတယ်။ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာပါ။ အဲဒီမှာ သက်ကြီးကင်းထောက်ကြီးတွေ တက်ပါတယ်။ အင်မတန်ကို ဝမ်းသာအားရ ရှိပါတယ်။ အဲဒီလို တက်တဲ့အထဲက အသက်အကြီးဆုံးပုဂ္ဂိုလ် ပြောတဲ့စကားကို ခုထိ နားထဲကနေ ကြားနေမိပါတယ်။ ကင်းထောက် ဒီလိုရှင်သန်လာတာ ဝမ်းသာပါတယ်။ ဒီလိုမျိုး နောက်တစ်ကြိမ် မဖြစ်စေဖို့အတွက် ဝိုင်းဝန်းစောင့်ရှောက်ပါဆိုပြီး ပြောခဲ့ပါတယ်။ ကင်းထောက်ကြီးတွေက အင်မတန်ကို အဆင်သင့်ဖြစ်တဲ့အတွက် နောက်ထပ် သင်တန်းတွေလုပ်တဲ့အချိန်မှာ အသက်အရွယ်ကိုမင့်ဘဲ စောင့်ရှောက်ခဲ့တဲ့ ကင်းထောက်ကြီးတွေ အများကြီး ပေါ်လာပါတယ်။

ဦးအေးကြိုင်။ ။ကင်းထောက်ကြီးတွေဆီကနေ ကျွန်တော်လေ့လာမိတာတစ်ခုက Once a Scout, Always a Scout ဆိုတဲ့စကားကို ကြားမိခဲ့ပါတယ်။ အဲဒီစကားရပ်ကို နောက်တက်တဲ့ ကင်းထောက်လူငယ်တွေက အင်မတန်အားကျဂုဏ်ယူမှာပါ။

ဒေါက်တာတင်ညို။ ။ အဲဒီအတွေ့အကြုံလေးတွေက တစ်သက်လုံး ခံယူသွားတဲ့ ခံယူချက်ပါ။

ဦးအေးကြိုင်။ ။ဆရာကြီးဒေါက်တာတင်ညိုရဲ့ကင်းထောက်သမိုင်းကို အားလုံးက စိတ်ဝင်စားကြမှာပါ။ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှာ ဒုတိယကင်းထောက်ချုပ် တာဝန်ယူတဲ့ ဆရာဦးသာစိန်ရဲ့ အတွေ့အကြုံတွေကိုလည်း ဆွေးနွေးပေးပါခင်ဗျာ။

ဦးသာစိန်။ ။ ကင်းထောက်ဆိုတာ Once a Scout, Always a Scout ဆိုတဲ့ စိတ်ဓာတ်ဟာ ကင်းထောက်ဖြစ်တဲ့ လူတိုင်းမှာ အင်မတန်စွဲမက်စရာ စကားလုံးဖြစ်ပါတယ်။ ကျွန်တော်က ၁၉၅၁ ခုနှစ် အခု TTC လို့ ခေါ်တဲ့ကျောင်းမှာ ငါးတန်းက ကင်းထောက်စဖြစ်ခဲ့ပါတယ်။ ညီရင်းအစ်ကိုကဲ့သို့ ချစ်ချစ်ခင်ခင် ရှိခဲ့ကြပါတယ်။ ကျွန်တော်က Second Class ကင်းထောက်ဖြစ်ခဲ့ပါတယ်။ ၁၄ နှစ် မပြည့်ခင် ဖြစ်ပါတယ်။ ၁၂ နှစ်က ဝင်ပြီးရင် ခြေနု(tender foot) တံဆိပ်က စပါတယ်။ Second Class မှာ ဘာသာရပ်တွေ တော်တော်များပါတယ်။ တော်တော်လည်း ခက်ခက်ခဲခဲဖြေရပါတယ်။ ကင်းစိတ်ကလေးတွေ ရှိပါတယ်။ အစုအဖွဲ့လေးတွေ ရှိပါတယ်။

ကင်းထောက်ဆရာကလမ်းညွှန်

ကျောင်းတိုင်းမှာ ကင်းထောက်ဆရာ ရှိပါတယ်။ ကင်းထောက်ဆရာက ကင်းထောက်အကြောင်းကို ကျွန်တော်တို့ကို လမ်းညွှန်ပါတယ်။ အခုလို ကင်းထောက်ပြန်ဖွဲ့တဲ့အပေါ် အင်မတန်ဝမ်းသာပါတယ်။ ကျွန်တော်တို့ တစ်သက်တာမှာ ကင်းထောက် ပြန်မဖွဲ့နိုင်တော့ဘူးလို့ ထင်ခဲ့တာပါ။ ဒီလို ပြန်ဖွဲ့နိုင်တာ ကျွန်တော်တို့အတွက် ဝမ်းအသာဆုံးပါပဲ။

ဦးအေးကြိုင်။ ။ ကင်းထောက်ချုပ်ပြောတဲ့အထဲမှာလည်း ပါပါတယ်။ ဒီလိုပြန်ဖွဲ့နိုင်တာကို ဝမ်းသာတဲ့အကြောင်းပါ။ ဒါဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ အသက် ၈၀ ကျော်၊ ၉၀ အရွယ် ကင်းထောက်တွေဟာလည်း ဝမ်းသာမှာပါ။ ဆရာကြီး ဒေါက်တာခင်မောင်ကြွယ်ဆိုရင် ကွယ်လွန်သွားပြီ။ နောက်ပြီးတော့ ဆရာကြီး ဦးသန်းဦးဆိုတာ ရှိပါသေးတယ်။

ဒေါက်တာတင်ညို။ ။ဆရာကြီးဦးသန်းဦးက ၉၂ နှစ်ပါ။ ရန်ကုန်တက္ကသိုလ်ရဲ့ ပညာရေး မဟာဌာနမှာ ကင်းထောက်ဖြစ်ခဲ့တယ်။ အစဉ်အဆက်က သက်ကြီးပိုင်း ကင်းထောက်ကြီးတွေက တကယ်ကို အတွေ့ အကြုံရှိခဲ့တယ်။ ကျွန်တော့်ဆီကို ကင်းထောက်ကြီး တစ်ယောက်က ဖုန်းဆက် တယ်။ ပြန်ပြီးဖွဲ့စည်းမယ်ဆိုတာကို ကြားတဲ့အခါ ဝမ်းသာတယ်။ ဆက်ပြီး ဖုန်းမပြောနိုင်တော့ဘူးဆိုပြီး ဖုန်းချသွားပါတယ်။ အဲဒီလောက်အထိကို ကင်းထောက်အဖွဲ့အပေါ်မှာ ခံယူထားတာပါ။

ဦးအေးကြိုင်။ ။ ဆရာကြီးတို့ကလည်း ၈၀ ကျော်၊ ၉၀ ကျော် အရွယ်တွေပါပဲ။ ဒါပေမယ့် ကင်းထောက်လို့ ပြောလိုက်ရင် ရွှင်လန်းလာပါတယ်။ ဒါက ဘယ်လိုခံယူထားလို့လဲဆိုတာကို သိပါရစေ။

ဦးသာစိန်။ ။ ကင်းထောက်ဟာ အမြဲပြုံးရွှင်နေရမယ်ဆိုတာ ကင်းထောက်ကျင့်ဝတ် ၁၀ ပါးမှာ ပါပါတယ်။ အခက်အခဲတွေ့လာတဲ့အခါ ရဲရဲရင့်ရင့် ရင်ဆိုင်တတ်အောင်ပါ။ ဒါကို ကျွန်တော် အကြိုက်ဆုံးပါ။ကျွန်တော်က ခရစ်ယာန် လူမှုရေးအဖွဲ့အစည်း YMCA မှာ ပါဝင်ခဲ့ပါတယ်။ မန္တလေး YMCA မှာလည်း ပါတယ်။ ရန်ကုန်ရောက်လာပြီး အခုတော့ အမျိုးသား YMCA ရဲ့ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်နေပါတယ်။

ဦးအေးကြိုင်။ ။ ဒီလိုဆိုရင် ကင်းထောက်နဲ့ YMCA နဲ့ အချိတ်အဆက်များ ရှိပါသလားခင်ဗျာ။

ဦးသာစိန်။ ။ ရှိပါတယ်။ ဦးဘဌေးတို့ခေတ်မှာ နိုင်ငံတကာ ကင်းထောက်မင်းကြီး ရှိပါတယ်။ ဦးတင်ထွန်းက နိုင်ငံတကာကင်းထောက်မင်းကြီး ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဦးတင်ထွန်းက YMCA ရဲ့ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်နေတဲ့သူလည်း ဖြစ်ပါတယ်။ လော့ဒ်ဗေဒင်ပါဝယ်လ်က မြန်မာနိုင်ငံကို လာဖူးပါတယ်။ ၁၉၂၁ ခုနှစ်မှာ လာခဲ့ဖူးပါတယ်။ ပထမဦးဆုံး ကင်းထောက်ဖခင် လော့ဒ်ဗေဒင်ပါဝယ်လ် ပါဝင်ပြီး မီးပုံပွဲကျင်းပတယ်ဆိုတဲ့ အထောက်အထား တွေ့ရပါတယ်။ အဲဒါကို တင်နိုင်တိုးရေးသားတဲ့ စာအုပ်ထဲမှာပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

အဂတိလိုက်စားမှုဖြစ်နိုင်ခြေဆန်းစစ်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် UNDP တို့ပူးပေါင်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနရှိဦးစီးဌာနများတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)က အဂတိလိုက်စားမှုဖြစ်နိုင်ခြေဆန်းစစ်မှုအလုပ်ရုံဆွေးနွေးပွဲ (Corruption Prevention Risk Assessment Training Workshop)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

ပြောင်းလဲဆောင်ရွက်လျက်ရှိ

ဆွေးနွေးပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဟန်ဇော်က မြန်မာနိုင်ငံသည် ယခုအခါ ငြိမ်းချမ်းသာယာသော ဒီမိုကရေစီစနစ်နှင့် ပွင့်လင်းမြင်သာသော စျေးကွက်စီးပွားရေးကို ဦးတည်သောနိုင်ငံအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရဌာနများအနေဖြင့် သန့်ရှင်းသော အစိုးရနှင့် အဂတိကင်းရှင်းသောလူ့ဘောင်သို့ ပြောင်းလဲလျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုကြောင့် ငြိမ်းချမ်းရေး၊ အားနည်းသော ဒီမိုကရေစီနှင့် တရားမျှတသော စီးပွားရေးယှဉ်ပြိုင်မှုများကို ခြိမ်းခြောက်စေပါကြောင်း။

လူတစ်ဦးချင်းစီက ကြိုးစားလုပ်ဆောင်

အစိုးရဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုသည် ရှုပ်ထွေးသော ပြဿနာတစ်ရပ်ဖြစ်သဖြင့် တစ်ကြိမ်တစ်ခါတည်း ပြုပြင်ရုံမျှဖြင့် လုံလောက်မှုမရှိပါကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းသည် ကုသခြင်းထက်ပိုကောင်းပါကြောင်း၊ အဂတိလိုက်စားမှုကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်မှုများနှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ အဂတိလိုက်စားမှုလျော့နည်းသွားအောင် လူတစ်ဦးချင်းစီက ကြိုးစားလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသိပညာပေးရေးအတွက် သင်တန်းများပို့ချပေးလျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် UNDP တို့ပူးပေါင်းကာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အသိပညာပေးရေးကို ဆောင်ရွက်နိုင်သဖြင့် လွန်စွာအကျိုးရှိသော ဆွေးနွေးပွဲ Workshop ဖြစ်ပါကြောင်း ပြောကြားသည်။

ကောင်းသောရည်ရွယ်ချက်များဖြစ်

ထို့နောက် UNDP မှ ဌာနေကိုယ်စားလှယ် Mr. Gordon Johnson က ယခုကဲ့သို့ Workshop တွင် ပူးပေါင်းပါဝင်ခွင့်ရရှိသဖြင့် ဝမ်းသာမိပါကြောင်း၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံငြိမ်းချမ်းရေးကို ထိခိုက်နိုင်ပါကြောင်း၊ ပြည်သူများ၏ ယုံကြည်မှုရရှိရေးသည်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း ပြုပြင်ပြောင်းလဲမှုပေါ်တွင် မူတည်ပြီး အရေးကြီးပါကြောင်း၊ သို့ဖြစ်ပါ၍ ဝန်ကြီးဌာနများတွင် CPU များ ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည်မှာ ကောင်းသောရည်ရွယ်ချက်များ ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် နည်းလမ်းကောင်းများ၊ နိုင်ငံတကာဆောင်ရွက်မှုနမူနာများနှင့်အတူ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၃/ ၂၀၂၀)
၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ် ၊ မတ်လ ၅ ရက်)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီ**ကို မှတ်ပုံတင်အမှတ် (၁၀၆)၊ ၉-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ်(၂၈/၂၀၁၇)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီ**၏ ၂၃-၁-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၀၁/ ယူအန်အက်(ဖ)ဒီဝီ(ဗဟာရ) /၂၀၂၀ ဖြင့် နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းခွင့်ပြုပါရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ၅-၃-၂၀၂၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၆/၂၀၂၀)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၉ (က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ပြည်ထောင်စုတိုင်းရင်းသားများဖက်ဒရယ်ဒီမိုကရေစီပါတီ**ကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ‘၀’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့၊ ပန်လုံ(လမ်း၊ ပန်လုံ(လမ်း၊ အမှတ်(၃၉)တွင် ပါတီရုံးချုပ်တည်ရှိသော **‘၀’ အမျိုးသားပါတီ(WA NATIONAL PARTY)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၄-၃-၂၀၂၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

‘၀’အမျိုးသားပါတီ(WA NATIONAL PARTY)၏ အလံပုံစံ

‘၀’အမျိုးသားပါတီ(WA NATIONAL PARTY)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

သီပေါ မတ် ၅

ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ လုပ်ငန်းဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

စံ(၅)ချက်နှင့်အညီ

ရှေးဦးစွာ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထင်ကျော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ နှင့် မြို့နယ်၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်ဖွဲ့စည်းပုံများ၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲကို လွတ်လပ်ရမည်၊ မျှတရမည်၊ အများယုံကြည်လက်ခံမှုရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းကျရမည်၊ ဘက်မလိုက်ရ စသည့် စံ(၅)ချက်နှင့်အညီ ကျင်းပမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်မြင့်ဝင်းက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် သီပေါမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ဆောင်ရွက်ထားရှိသည့် ရွေးကောက်ပွဲ လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ပြန်လည်ဆွေးနွေး

ဆက်လက်၍ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့သည် ကျောက်မဲခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ရောက်ရှိရာ ခရိုင်ရွေးကောက်ပွဲအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ကခရိုင်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို တင်ပြပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် တရုတ်သမ္မတ ရီကျင့်ဖျင်၏ ဂျပန်ခရီးစဉ် ရွှေ့ဆိုင်း

တိုကျိုမတ် ၅

ကိုရိုနာဗိုင်းရပ်စ်(ကိုဗစ်-၁၉) ကူးစက်ပျံ့နှံ့မှု ကာကွယ်တားဆီးရေးသည် ဂျပန်နှင့် တရုတ်နှစ်နိုင်ငံစလုံးအတွက် လတ်တလော အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုဖြစ်ရာ ယခုနှစ်နွေဦးရာသီ၌ ဂျပန်နိုင်ငံသို့သွားရောက်လည်ပတ်ရန် တရုတ်သမ္မတ ရီကျင့်ဖျင်၏ နိုင်ငံတော်အဆင့် ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း ဂျပန်အစိုးရ၏ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူက ယနေ့ပြောကြားသည်။

ပြန်လည်စီစဉ်သွားမည်

တရုတ်သမ္မတ ရီကျင့်ဖျင်၏ နိုင်ငံတော်အဆင့် ဂျပန်ခရီးစဉ်ကို နှစ်နိုင်ငံစလုံးအတွက် အဆင်ပြေသည့်အချိန်တွင် ပြန်လည်စီစဉ်သွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရ၏ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူ ယိုရှိဟိဒယ်က တိုကျိုမြို့တွင် သတင်းထောက်များအား ပြောကြားသည်။

ဂျပန်နှင့် တရုတ်နိုင်ငံတို့အတွက် လက်ရှိအကြီးမားဆုံး စိန်ခေါ်မှုတစ်ခုမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု ကာကွယ်တားဆီးရေးပင်ဖြစ်ပြီး ယင်းဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ယမန်နှစ်က အိုဆာကာမြို့တွင် ကျင်းပပြုလုပ်သည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးအတောအတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တရုတ်သမ္မတ ရီကျင့်ဖျင်အား ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် တရားဝင်ဖိတ်ကြားခဲ့ပြီး နောက် သမ္မတ ရီကျင့်ဖျင်အနေဖြင့် ယခုနှစ် နွေဦးရာသီတွင် ဂျပန်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် လာရောက်လည်ပတ်မည်ဟု မျှော်လင့်ရသည်။

သမ္မတဟောင်း ဟူကျင်တောင်သည် တရုတ်သမ္မတတစ်ဦးအနေဖြင့် ၂၀၀၈ ခုနှစ်က ဂျပန်နိုင်ငံသို့ နောက်ဆုံးအကြိမ်အဖြစ် သွားရောက်လည်ပတ်ခဲ့ပြီး ယခုနှစ်နွေဦးရာသီကာလ သမ္မတ ရီကျင့်ဖျင်၏ ဂျပန်ခရီးစဉ်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးနွေးထွေးမှု၏ အဓိကလက္ခဏာတစ်ခုအဖြစ် ပြည်သူများကမျှော်လင့်ကြသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်လျက်ရှိသော်လည်း တရုတ်သမ္မတ ရီကျင့်ဖျင်၏ ဂျပန်ခရီးစဉ်သည် အတည်ဖြစ်သည်ဟု ဂျပန်အရာရှိများက ပြီးခဲ့သည့်သီတင်းပတ်များတွင် အခိုင်အမာပြောဆိုခဲ့ကြသည်။ သို့သော် ယခုအခါ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု တစ်နေ့တခြား များပြားလာသောကြောင့် ယင်းခရီးစဉ်ကို ပြန်လည်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။



၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်သမ္မတ ရီကျင့်ဖျင်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ ပေကျင်းမြို့၌ တွေ့ဆုံခဲ့စဉ်။

ကမ္ဘာ့နိုင်ငံနှင့် နယ်ပယ်ပေါင်း ၈၁ ခုသို့ ကူးစက်ပျံ့နှံ့သွားသည့် ကိုရိုနာဗိုင်းရပ်စ် ရောဂါကူးစက်ခံရသူဦးရေမှာ ၉၅၀၀၀ ကျော်အထိ မြင့်တက်လာပြီး ၎င်းတို့အနက် လူ ၃၂၀၀ သည် အဆိုပါဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဂျေတီ

ကိုဗစ်-၁၉ ကို တိုက်ဖျက်ရာတွင် အကူအညီဖြစ်စေရန် ပိတ်ဆို့မှုများရုပ်သိမ်းပေးရေး အမေရိကန်အား အီရန်တောင်းဆို

တီဟီရန် မတ် ၅

အမေရိကန်နိုင်ငံအနေဖြင့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရာတွင် အီရန်အား အကူအညီပေးရန် အမှန်တကယ်ဆန္ဒရှိပါက ဆေးဘက်ဆိုင်ရာ အထောက်အပံ့သွင်းကုန်များအပေါ် တားမြစ်မှုအပါအဝင် ပိတ်ဆို့မှုများကို ရုပ်သိမ်းပေးသင့်ကြောင်း အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက မတ် ၄ ရက်တွင် ပြောကြားခဲ့သည်။

ငြင်းပယ်ခဲ့

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုဆန့်ကျင်တိုက်ဖျက်ရာတွင် အီရန်အား အကူအညီပေးမည်ဟု အမေရိကန်၏ ကမ်းလှမ်းမှုသည်လိမ်လည်လှည့်ဖြားမှုသာဖြစ်သည့်အတွက် ဟက်ဆန်ရိုဟာနီက ငြင်းပယ်ခဲ့သည်။ "အီရန်ပြည်သူတွေက အမေရိကန်တာဝန်ရှိသူတွေ လိမ်လည်နေတယ်ဆိုတာ ကောင်းကောင်းသိပါတယ်။ အမေရိကန်ဟာ အမှန်ပြောကြားတာမရှိပါဘူး"ဟု အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက မတ် ၄ ရက်တွင် ပြုလုပ်သည့် ဝန်ကြီးများ အဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ပြဿနာကို တိုက်ဖျက်ရာတွင် အီရန်နိုင်ငံအား အမေရိကန်နိုင်ငံအနေဖြင့် အကူအညီပေးရန်ဆန္ဒရှိနေကြောင်း ပြီးခဲ့သည့်စနေနေ့က ပြောကြားခဲ့သည်။ ထို့ကြောင့် အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက "အမေရိကန်အနေနဲ့ အမှန်တရားကို အမှန်တကယ်ပြောကြားတာဆိုရင် ဆေးဝါးဆိုင်ရာအမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကို ရုပ်သိမ်းပေးသင့်တယ်။ အဲဒါဟာ ပထမဆုံးလုပ်ဆောင်ရမယ့် အဆင့်ဖြစ်လာလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

စတင်ဖြစ်ပွား

အီရန်နိုင်ငံသည် ဖေဖော်ဝါရီ ၁၉ ရက်တွင် ကိုရိုနာဗိုင်းရပ်စ် ပထမဆုံးအကြိမ်စတင်ဖြစ်ပွားကြောင်း တရားဝင်ကြေညာခဲ့သည်။ အီရန်နိုင်ငံတစ်ဝန်းတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုသည် ၂၉၂၂ ဦးအထိရှိလာခဲ့ပြီး သေဆုံးသူ အရေအတွက်သည် ၉၂ ဦး အထိရှိခဲ့ကြောင်း အီရန်နိုင်ငံ ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာနက မတ် ၄ ရက်တွင် ပြောကြားခဲ့သည်။ ထို့ပြင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၅၂ ဦးမှာ ပြန်လည်သက်သာလာသဖြင့် ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

အင်ဒို-ပစိဖိတ်ဒေသ၌ အသံလှိုင်းလက်နက်များ အမေရိကန်ဖြန့်ကြက်မည်

ဝါရှင်တန် မတ် ၅

အမေရိကန်နိုင်ငံက လာမည့်နှစ်အနည်းငယ်အတွင်း အင်ဒို-ပစိဖိတ်ဒေသ၌ အသံလှိုင်းလက်နက်များ ဖြန့်ကြက်မည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါက ပြောသည်။ မာ့ခ်အက်စပါသည် ယမန်နေ့က ပြုလုပ်သည့် အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့ကော်မတီသို့ အဆိုပါမှတ်ချက်စကား ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြိုင်ဘက်နိုင်ငံများက သမားရိုးကျစစ်ပွဲတွင် အမေရိကန်နိုင်ငံ၏ ကာလရှည် အားသာချက်ရယူမှုကို တစ်စတစ်စဆုတ်ယုတ်စေလျက်ရှိရာ နည်းပညာပိုင်းဆိုင်ရာ အားသာချက် မရှိမဖြစ်လိုအပ်ကြောင်း ၎င်းက ပြောသည်။ အသံလှိုင်းဒုံးကျည်တစ်စင်းက အသံမြန်နှုန်းထက်ငါးဆကျော်ပိုမြန်ပြီး လေထုအတွင်း ပတ်လမ်းပြောင်းလဲနိုင်သည်။ အသံလှိုင်းလက်နက်က လက်ရှိရေဒါများ အားလုံးနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ချိုးဖျက်နိုင်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

ကိုးကား-အင်နန်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး

ဖိလစ်ပိုင်နိုင်ငံ၌ ရဟတ်ယာဉ်ပျက်ကျ ရဲတပ်ဖွဲ့အကြီးအကဲ အသက်ဘေးမှ လွတ်မြောက်

မနီလာ မတ် ၅

ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ (PNP) အကြီးအကဲ ဗိုလ်ချုပ်ကြီး အာချီဂမ်ဘိုအာ လိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်း ယနေ့ပျက်ကျခဲ့သော်လည်း ၎င်းမှာ အသက်ရှင်ကျန်ရစ်ခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။

ရဟတ်ယာဉ်မှာ လာဂူနာပြည်နယ်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ (PNP) ၏ စစ်ဆင်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဂွီလာမိုအီလီဇာ၏ ပြောကြားချက်ကိုကိုးကား၍ Daily Inquirer သတင်းစာက ဖော်ပြခဲ့သည်။ ဖုန်ထူသောဧရိယာတစ်ခုမှပျံတက်ပြီးနောက် ရဟတ်ယာဉ်သည် ဓာတ်အားစီးဝင်နေသော ပိုင်ယာကြိုးတစ်ချောင်းနှင့် ထိတွေ့ရာမှ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူး၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းစာက ရေးသားခဲ့သည်။ ရဟတ်ယာဉ်ပေါ်တွင် ဗိုလ်ချုပ်ကြီး အာချီဂမ်ဘိုအာအပြင် ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဘားနတ်ဘာနက်၊ ဗိုလ်ချုပ်ဂျိုဇက်ရာမို့စ်နှင့် ဗိုလ်ချုပ်မာရီရယ်မာဂါဝေးတို့လည်း အတူလိုက်ပါလာခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး

ကမ္ဘာတစ်ဝန်းတွင်ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုနှင့် ကာကွယ်ကုသရေးဆိုင်ရာဆောင်ရွက်ချက်များ

တရုတ်နိုင်ငံဟူပေပြည်နယ် ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉)သည် လက်ရှိတွင် ကမ္ဘာနိုင်ငံအများအပြားသို့ ကူးစက်ပျံ့နှံ့မှုများဖြစ်ပွားလျက်ရှိပြီး တရုတ်နိုင်ငံအပါအဝင် တောင်ကိုရီးယား၊ ဂျပန်၊ အီတလီနှင့်အီရန်နိုင်ငံတို့သည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှင့် သေဆုံးမှုအများဆုံးနိုင်ငံများဖြစ်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဆေးတပ်ဖွဲ့က ၂၀၁၃ ခုနှစ် ဆားစ်ရောဂါကုသရေးတွင် အောင်မြင်စွာလုပ်ဆောင်ခဲ့သော အထူးကုဆရာဝန်များအား ရောဂါစတင်ဖြစ်ပွားသည့် ဝူဟန်မြို့သို့ စေလွှတ်တာဝန်ထမ်းဆောင်စေခဲ့သည်။ အထက်ပါရောဂါကုသရေးအဖွဲ့တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဆေးတက္ကသိုလ်များမှ ဆရာဝန်များ၊ တရုတ်ကြည်းတပ် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာနှင့် တပ်မတော်ဆေးသုတေသနတက္ကသိုလ်မှ ဆေးပညာအထူးကုဆရာဝန်များ ပါဝင်သည်။ ၎င်းတို့သည် ဖေဖော်ဝါရီ ၃ ရက်မှ စတင်ပြီး ဟိုရင်းရင်း အထူးကုဆေးရုံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်သော နမိုးနီးယားရောဂါကို စတင်ကုသလျက်ရှိသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ဟူပေပြည်နယ် ဝူဟန်မြို့တွင် စတင်တွေ့ရှိခဲ့ရသည်။ တရုတ်နိုင်ငံ တစ်နိုင်ငံလုံး အတိုင်းအတာအရအတည်ပြုရောဂါကူးစက်ခံရသူ ၈၀၅၆၅ ဦး ရှိခဲ့ရာ ၃၀၁၅ ဦး သေဆုံးပြီး ၅၂၁၀၉ ဦး ရောဂါသက်သာ၍ ပြန်လည်ကျန်းမာလာခဲ့သည်။

အီတလီနိုင်ငံ

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၀ ဦးရှိပြီဟု အတည်ပြုခဲ့ပြီး ကျောင်းများနှင့် တက္ကသိုလ်များကို မတ် ၁၅ ရက်အထိ ပိတ်ထားသည်။ လူထုအစည်းအဝေးများနှင့် အားကစားပွဲများကိုလည်း ပိတ်ပင်ထားခဲ့သည်။ ဝန်ကြီးချုပ်ကွန်တီက မိမိတို့တိုင်းပြည်အနေဖြင့် ရောဂါထိန်းချုပ်မှုကို ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုပေါင်း ၁၀၃၆ ဦးဖြစ်ပြီး ၎င်းတို့အနက် ယိုကိုဟားမားဆိပ်ကမ်းတွင်ရပ်နားထားသော သင်္ဘောမှခရီးသည် ၇၀၆ ဦးပါဝင်ပြီး နိုင်ငံအတွင်းရှိ ခရိုင်ဆေးရုံများတွင်လူနာများကို ကုသပေးလျက်ရှိသည်။ ကိုရိုနာဗိုင်း ရပ်စ်ပြင်းထန်စွာဖြစ်ပွားသည့် ဟော့ကိုင်းဒိုးခရိုင်သို့လည်း ကုသမှုများနှင့် အခြားဒေသများ မှနာခေါင်းစည်းများကို ရောဂါကာကွယ်ရေးအတွက် ပေးပို့ခဲ့သည့် ကျန်းမာရေးဝန်ထမ်း ၁၀ဦးမှာရောဂါကူးစက်ခံခဲ့ရသည်။

အီရန်နိုင်ငံ

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၉၂ ဦးရှိပြီး စာသင်ကျောင်းများနှင့် ကပွဲများ၊ အားကစားပြိုင်ပွဲများကို ပိတ်ထားသည်။

အမေရိကန်နိုင်ငံ

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားသူများမှာ ၁၂၉ ခုရှိပြီး သေဆုံးသူ ၁၁ ဦးရှိသည်။ အမေရိကန်ရောဂါပိုးမွှားထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက မည်သူမဆို ကိုယ်အပူချိန်ရှိခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲသော ရောဂါလက္ခဏာများတွေ့ရှိပါက ကျန်းမာရေးအခမဲ့စစ်ဆေးနိုင်ကြောင်း ကြေညာထားသည်။ ကယ်လီဖိုးနီးယားမြို့တော်ဝန် ဂေဘင်နယူစန်က ဂိုးဒင်းစတိတ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုဖြစ်ပွားပြီးနောက် အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ ကယ်လီဖိုးနီးယားတွင် အစိုးရတာဝန်ရှိသူအဆင့်ဆင့်အား တာဝန်ချထားပြီး ရောဂါရှာဖွေဖော်ထုတ်ရေးနှင့် ပြန့်ပွားမှုနှေးကွေးသွားစေရန် ဆောင်ရွက်ထားကြောင်း နယူစန်က ပြောကြားသည်။ အရေးပေါ်အစီအစဉ်တွင် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုစင်တာများရှိစေရန်၊ အခြားပြည်နယ်များမှ ကျန်းမာရေးဝန်ထမ်းများအား ကယ်လီဖိုးနီးယားရှိ ကျန်းမာရေးစောင့်ရှောက်မှုစင်တာ၌ ကိုရိုနာဗိုင်းရပ်စ် ရောဂါကုသရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အကူအညီပေးခြင်း စသည်တို့ ပါဝင်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံးသေဆုံးမှုမှာ ပလေဇာစီရင်စုရှိ သက်ကြီးရွယ်အိုတစ်ဦးသည် ဆန်ဖရန်စစ္စကိုမှ မတ္တဆီကိုသို့ သင်္ဘောဖြင့် ခရီးထွက်ခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ကာ သေဆုံးခဲ့သည်။ လော့အိန်ဂျလိစ်တွင်လည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ခြောက်ခုရှိခဲ့သဖြင့် အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ၊ ဆင်ဟွာ၊ စီဂျီတီအင်နီ

ဘာသာပြန် - စိုးသူရ

တောင်ကိုရီးယားသမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ အိတ်ဖွင့်ပေးစာ အပြန်အလှန်ပေးပို့

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်

ဆိုးလ် မတ် ၅

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့သည် အိတ်ဖွင့်ပေးစာ အပြန်အလှန် ပေးပို့ခဲ့ကြကြောင်း တောင်ကိုရီးယားသမ္မတအိမ်တော်က ယနေ့ ပြောကြားသည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု တိုက်ဖျက်ရေးနယ်ပယ်၌ တောင်ကိုရီးယား ပြည်သူများအားနှစ်သိမ့်ရန် အိတ်ဖွင့်ပေးစာတစ်စောင်ကို မတ် ၄ ရက်က တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းထံသို့ ပေးပို့ခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးမှ သတင်းပြန်ကြားရေး တာဝန်ရှိသူ ယွန်းဒိုဟန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ အိတ်ဖွင့်ပေးစာထဲတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု တိုက်ဖျက်ရေးနယ်ပယ်တွင် တောင်ကိုရီးယားအစိုးရအနေဖြင့် အရှုံးမရှိဘဲ အောင်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တစ်ပြည်သား၊ တစ်နယ်သားများ၏ ကျန်းမာရေးအတွက် ဆုမွန်ကောင်း တောင်းပေးထားကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

တစ်ဆက်တည်းမှာပင် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အပေါ် ကျေးဇူးတင်ရှိသည့် အိတ်ဖွင့်ပေးစာတစ်စောင်ကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ထံသို့ ယနေ့ ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျေတီ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဟာဗီရာပီရပ်စ် ဒီ ကွေးလျား အသက် ၁၀၀ တွင် ကွယ်လွန်

လီမာ မတ် ၅

အီရန်-အီရတ် စစ်ပွဲတွင် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ရရှိရေး ကြားဝင် ဆောင်ရွက်ခဲ့မှုအပါအဝင် ငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်မှုများအတွက် လူသိများထင်ရှားခဲ့သည့် ကုလသမဂ္ဂ အကြီးအကဲဟောင်း ပီရပ်စ် ဒီ ကွေးလျားသည် အသက် ၁၀၀ အရွယ်၌ ၎င်း၏ဇာတိ ပီရူးနိုင်ငံတွင် ဗုဒ္ဓဟူးနေ့က ကွယ်လွန်သွားကြောင်း ၎င်း၏ သားက ပြောကြားသည်။

ပီရပ်စ် ဒီ ကွေးလျားသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ၁၉၈၂ ခုနှစ် ဇန်နဝါရီ ၁ ရက် မှ ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ပီရပ်စ် ဒီကွေးလျားသည် ပင်ကိုစရိုက်အရရော အသက်မွေးမှုလုပ်ငန်းအရပါ စစ်ဆန့်ကျင်ရေးဝါဒီဖြစ်သည်ဟု မကြာခဏ ညွှန်းဆိုဖော်ပြခြင်းခံခဲ့ရသည်။

ထိုအချိန်က ထွန်းလင်းတောက်ပြောင်ဆုံး ပီရူးနိုင်ငံ သားများအနက်မှ တစ်ဦးဖြစ်သည်ဟု ၎င်း၏ နိုင်ငံသားများက ချီးကျူးခဲ့ကြသည့် ပီရပ်စ် ဒီ ကွေးလျားသည် ကမ္ဘာတစ်လွှားဝတ်မှတ်ခေါင်းပါးမှု တိုက်ဖျက်ရေး၊ ရှစ်နှစ်ကြာ အီရန်-အီရတ်စစ်ပွဲ သူများမှာ ၁၂၉ ခုရှိပြီး သေဆုံးသူ ၁၁ ဦးရှိသည်။ အမေရိကန်ရောဂါပိုးမွှားထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက မည်သူမဆို ကိုယ်အပူချိန်ရှိခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲသော ရောဂါလက္ခဏာများတွေ့ရှိပါက ကျန်းမာရေးအခမဲ့စစ်ဆေးနိုင်ကြောင်း ကြေညာထားသည်။ ကယ်လီဖိုးနီးယားမြို့တော်ဝန် ဂေဘင်နယူစန်က ဂိုးဒင်းစတိတ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုဖြစ်ပွားပြီးနောက် အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ ကယ်လီဖိုးနီးယားတွင် အစိုးရတာဝန်ရှိသူအဆင့်ဆင့်အား တာဝန်ချထားပြီး ရောဂါရှာဖွေဖော်ထုတ်ရေးနှင့် ပြန့်ပွားမှုနှေးကွေးသွားစေရန် ဆောင်ရွက်ထားကြောင်း နယူစန်က ပြောကြားသည်။ အရေးပေါ်အစီအစဉ်တွင် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုစင်တာများရှိစေရန်၊ အခြားပြည်နယ်များမှ ကျန်းမာရေးဝန်ထမ်းများအား ကယ်လီဖိုးနီးယားရှိ ကျန်းမာရေးစောင့်ရှောက်မှုစင်တာ၌ ကိုရိုနာဗိုင်းရပ်စ် ရောဂါကုသရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အကူအညီပေးခြင်း စသည်တို့ ပါဝင်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံးသေဆုံးမှုမှာ ပလေဇာစီရင်စုရှိ သက်ကြီးရွယ်အိုတစ်ဦးသည် ဆန်ဖရန်စစ္စကိုမှ မတ္တဆီကိုသို့ သင်္ဘောဖြင့် ခရီးထွက်ခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ကာ သေဆုံးခဲ့သည်။ လော့အိန်ဂျလိစ်တွင်လည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ခြောက်ခုရှိခဲ့သဖြင့် အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ကိုးကား- အေအက်ဖ်ပီ

ဘာသာပြန် အောင်ဇော်လင်း

(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House

လိုင်သာယာမြို့နယ်၊ နဝေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ညဉ့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဖက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။
နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။
ဖုန်း-၆၅၀၅၃၅၅၊ ၆၆၆၁၈၃၁၊ ၆၅၁၄၃၃၆၊ ၆၆၃၅၅၇၈ သိုဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ညောင်ရွှေ၊ တာချီလိတ်၊ မိုင်းဆတ်နှင့် ကောလင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၄ ရက် မွန်းလွဲ ၁ နာရီက ညောင်ရွှေမြို့နယ် ပုန်မှုကျေးရွာအုပ်စု မှော်ဘီကျေးရွာအနီးတွင် ဟိန်းမင်းခန့်(ခ)မိုးဒီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရာဖွေရာ ဘိန်းစိမ်း ၁၉ ကီလို သိမ်းဆည်းရမိခဲ့သည်။

တာချီလိတ်၊ မိုင်းဆတ်

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ဂေါ်သဇင်လမ်းပေါ်တွင်တွေ့ရှိသူ အားဆိုး(ခ) မိုးဇက်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း။

ထို့အတူ မတ် ၃ ရက် မွန်းလွဲပိုင်းက တပ်မတော်က မိုင်းဆတ်မြို့နယ် မိုင်းတွန်းတောင်ပေါ်ကျေးရွာအုပ်စု ဟေပူကျေးရွာ လူမနေသောတောင်ယာတဲအနီးမှ ငွေကျပ် သိန်းပေါင်း ၄၂၃၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။ မတ် ၄ ရက် နံနက်ပိုင်းတွင် တပ်မတော်က အဆိုပါကျေးရွာအနီးတွင် မြေကျင်းတူး၍ မြှုပ်နှံထားသည့် ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးအကြေမှုန့် သုညဒသမ ၇ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ကောလင်း

ကောလင်းမြို့နယ် ရေကန်သာကျေးရွာအုပ်စု လွဲမောက်ကျေးရွာအရှေ့ဘက် တစ်မိုင်ခန့်အကွာ အင်ပင်တောအတွင်း မတ် ၅ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်တွင် ဒုရဲအုပ်ဇင်ဘိုဘိုကျော်နှင့်အဖွဲ့သည် သတင်းအရ ဝင်ရောက်ရှာဖွေရာ အင်ပင်များအောက်တွင် ဖိုးထူး၊ သန်းမြင့်၊ စိုးမင်း၊ သန်းဇော်ထွန်း တို့ကို ဘိန်းမည်း ၂၀၀ ဂရမ်ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၇ ပြားနှင့်အတူ သိမ်းဆည်းရမိသဖြင့် ၎င်းတို့လေးဦးအားဥပဒေအရအရေးယူထားကြောင်း သိရသည်။

အေးမြသက်ထား

ဖားကန့်၌ မြေကမ်းပါးယံပြိုကျ၍ ဘက်ဟိုးယာဉ်နှင့်အတူ အမျိုးသားတစ်ဦး မြေစာဖုံး၍ သေဆုံး

ဖားကန့် မတ် ၅

ကချင်ပြည်နယ် ဖားကန့်မြို့၌ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီရှိ မြေကမ်းပါးယံပြိုကျ၍ ဘက်ဟိုးယာဉ်နှင့်အတူ အမျိုးသားတစ်ဦး မြေစာဖုံး၍သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁ နာရီခွဲက ဖားကန့်မြို့ မော်ဝမ်းအုပ်စု ဆွတ်ငိုင်ယန်ကျေးရွာရှိ အကျိုးတူ ကျောက်မျက်တူးဖော်နေသည့် ယူနတီကုမ္ပဏီ လုပ်ကွက်တွင် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေစဉ် အမြင့်ပေ ၄၀၀ ခန့်က လုပ်ကွက်ကမ်းပါးယံမြေစာများပြိုကျခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ကုန်းသာကျေးရွာနေ ကုမ္ပဏီဘက်ဟိုးယာဉ်မောင်း ဦးစိုးနိုင်သည် ဘက်ဟိုးယာဉ်နှင့်အတူ မြေစာများဖုံးလွှမ်း ပျောက်ဆုံးခဲ့သည်။

ဘက်ဟိုးယာဉ်နှင့်အတူ မြေစာများဖုံးလွှမ်းပျောက်ဆုံးနေသူအား ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ယူနတီကျောက်မျက်တူးဖော်ရေးကုမ္ပဏီဝန်ထမ်းများက ဘက်ဟိုးယာဉ်များဖြင့် ရှာဖွေခဲ့ရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဦးစိုးနိုင်၏ရုပ်အလောင်းအား သေဆုံးလျက်ရှာဖွေတွေ့ရှိခဲ့၍ ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ကာ ဖားကန့်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

ရွှေဘိုမြို့နယ်၌ ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ အမျိုးသမီးတစ်ဦး သေဆုံး

ကျောက်မြောင်း မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ မတ် ၄ ရက် ညနေပိုင်းက ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၄ ရက် ညနေ ၅ နာရီခွဲခန့်က ရွှေဘို-ကျောက်မြောင်းသွားကားလမ်း သပြေချောင်းတံတားအနီးတွင် ကျောက်မြောင်းမှ ရွှေဘိုသို့ လေးမိုင်ကျေးရွာ သပိတ်ကျင်းမြို့နယ်နေ မြတ်သူ မောင်းနှင်လာသော ဆိုင်ကယ်၏နောက်တွင် လိုက်ပါလာသူ ဒေါ်စန်းတင့်မှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်မြောင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးသောက်

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၅

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၃၇၅ သန်း) စုစုပေါင်း တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ ဒသမ ၃၇၅ သန်း) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် နားဆော့ရွာအဝင် ဓာတ်ဆီဆိုင်အနီးတွင် ရပ်တန့်ထားသောယာဉ်ကို စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားမရှိသည့် ကျောက်စိမ်းတုံးအရွယ်အစားမျိုးစုံ ကီလို၇ရမ် ၄၄၀ နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ သန်းအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

၂၀၂၀ ပြည်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၀)

ရွေးကောက်ပွဲနှင့် အသုံးပြုသည့်နည်းစနစ်

မောင်စာဂ

ရွေးကောက်ပွဲတစ်ခုတွင် ဆန္ဒမဲပေးမည့်သူများအတွက် မဲဆန္ဒရှင်များစာရင်း ပြုစုရသည်။ ဆန္ဒမဲလက်မှတ်များ ပြုစုရသည်။ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုရသည်။ ဆန္ဒပြုပြီးသောဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်ရသည်။ မဲရုံအလိုက် ဆန္ဒမဲများ ရေတွက်ရသည်။ ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်များကို ကြေညာပေးရသည်။ ဖော်ပြခဲ့သည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို အချို့သောနိုင်ငံများ၏ ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်။ အီလက်ထရောနစ်နည်းပညာ တိုးတက်လာသည်နှင့်အညီ အဆင့်မြှင့်တင်၍သုံးစွဲကာ အောင်မြင်မှုများရရှိနေကြသည်။ မြန်မာနိုင်ငံကလည်း မည်သို့ကျင့်သုံးဆောင်ရွက်နေပါသနည်း။ အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲစနစ်ကို စံပြု၍ အနှစ်ချုပ်ဖော်ပြပါမည်။

အီလက်ထရောနစ်နည်းပညာသုံးစွဲရခြင်း၏ရည်ရွယ်ချက်

အီလက်ထရောနစ်နည်းပညာသုံး မဲပေးသည့်စနစ်ကို ကျင့်သုံးရခြင်းမှာ လွယ်ကူစွာဆန္ဒမဲပေးနိုင်ရန်၊ လွယ်ကူစွာ ဆန္ဒမဲရေတွက်နိုင်ရန်၊ အချိန်ကုန်ငွေကုန်သက်သာစေရန်၊ လူအင်အားအသုံးချမှု လျော့နည်းစေရန်နှင့် အချိန်တိုအတွင်း မဲရလဒ်များရရှိလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင့်သုံးခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံရွေးကောက်ပွဲစနစ်

အိန္ဒိယနိုင်ငံ၏ရွေးကောက်ပွဲများတွင်အီလက်ထရောနစ်နည်းပညာအသုံးပြုပုံကို အကျဉ်းမျှဖော်ပြပါမည်။ အိန္ဒိယနိုင်ငံတွင် အီလက်ထရောနစ်နည်းပညာသုံး မဲပေးစက်များကို ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်အသုံးပြုခဲ့သည်။ ၂၀၀၄ ခုနှစ်ကစတင်ကာ ယင်းစက်များကို တစ်ခုတည်းသော ဆန္ဒမဲပေးခြင်းနည်းလမ်းအဖြစ် အသုံးပြုခဲ့သည်။ နည်းပညာတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ဆန္ဒမဲပေးစက်များကိုလည်း အဆင့်မြှင့်၍ အသုံးပြုလာသည်။ ၂၀၁၉ ခုနှစ်က ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် အဆင့်မြှင့် ဆန္ဒမဲပေးစက်များဖြင့် ကျင့်သုံးအသုံးပြုခဲ့ကြောင်း ကိုယ်တိုင်လေ့လာသိရှိခဲ့ရသည်။

ဆန္ဒမဲပေးရာတွင်အသုံးပြုသည့်စက်မှာ Electronic Voting Machines (EVM) ဖြစ်သည်။ ယင်းစက်တွင် အစိတ်အပိုင်း သုံးပိုင်းပါရှိသည်။ ပထမအစိတ်အပိုင်းမှာ လွတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်၍ ဆန္ဒမဲပေးနိုင်သည့် Ballot Unit ဖြစ်သည်။ ဒုတိယအစိတ်အပိုင်းမှာ မဲရုံမှူးက ကိုင်တွယ်ထိန်းချုပ်သည့်အပိုင်း Control Unit ဖြစ်သည်။ တတိယအစိတ်အပိုင်းမှာ Voter – Verified Paper Audit Trail (VVPAT) ဆိုသည့် အပိုင်းဖြစ်သည်။

မဲဆန္ဒရှင်တစ်ဦးက ဆန္ဒမဲပေးဖို့ ဆန္ဒမဲပေးမည့်စက် အနားသို့ ရောက်သည့်အခါ မဲရုံဝန်ထမ်းတစ်ဦးက Control Unit အပိုင်းမှ ခလုတ်ကိုနှိပ်လိုက်သည်။ ထိုအခါ Ballot Unit တွင် အစိမ်းရောင်မီးလင်းလာသည်။ ထိုသို့မီးစိမ်းလင်းသည်နှင့် Ballot Unit တွင် ရှိနေသည့် လွတ်တော်ကိုယ်စားလှယ်လောင်းများအမည်နှင့် ယင်း၏လိုဂိုအမှတ်တံဆိပ်ပါရှိသည့် ဆန္ဒမဲလက်မှတ်ထဲမှ မိမိကြိုက်နှစ်သက်သည့်လွတ်တော်ကိုယ်စားလှယ်လောင်း နေရာခလုတ်ကို နှိပ်လိုက်သည်။ ထိုသို့နှိပ်လိုက်ပြီးသည်နှင့်တစ်ပြိုင်နက် မဲဆန္ဒရှင် ရွေးချယ်လိုက်သော ကိုယ်စားလှယ်လောင်းအမည်နှင့် အမှတ်တံဆိပ်သည် တတိယ အစိတ်အပိုင်းဖြစ်သည့် VVPAT ၏ Screenတွင် ခုနှစ်စက္ကန့်ပေါ်လာသည်။ မဲဆန္ဒရှင်က မိမိရွေးချယ်လိုက်သော ကိုယ်စားလှယ်လောင်း ဟုတ်–မဟုတ် ကြည့်နိုင်သည်။ ထိုသို့ ခုနှစ်စက္ကန့် ပေါ်ပြီးသည့်နောက် မဲဆန္ဒရှင် ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်လောင်းအမည်ပါရှိသည့်စာရွက်သည် အောက်ဘက်ရှိ VVPAT ၏ပုံးထဲသို့ အလိုအလျောက် ရောက်ရှိသွားသည်။

အဆိုပါစက်တစ်လုံးဖြင့် မဲဆန္ဒရှင် ၁၅၀၀ အထိ ဆန္ဒမဲပေးနိုင်သည်။ မဲရလဒ်များ အထူးရေတွက်ရန် မလိုပါ။ မည်သည့်လွတ်တော်ကိုယ်စားလှယ်လောင်းက ဆန္ဒမဲမည်မျှရသည်ကို စက်မှာပင်ကြည့်၍ရသည်။ ပယ်မဲမရှိဟုဆိုပါသည်။ အားလုံးလက်ခံကြသည်။ အငြင်းပွားမှုမရှိကြပါ။ အကယ်၍ အငြင်းပွားမှု ပေါ်ပေါက်လာခဲ့လျှင် VVPAT၏ ပုံးထဲသို့ ရောက်ရှိနေသော မဲဆန္ဒရှင်များဆန္ဒပြုခဲ့သည့် စာရွက်ပိုင်းများကိုထုတ်၍ လွတ်တော်ကိုယ်စားလှယ်လောင်းများနှင့် အများပြည်သူရှေ့ ပြန်လည် ရေတွက်ပေးရန် ဖြစ်သည်။

ဆန္ဒမဲပေးရာတွင် ဖော်ပြပါ စက်အစိတ်အပိုင်းသုံးခု အားလုံး အတူတကွရှိနေမှသာလျှင် ဆန္ဒမဲပေး၍ ရပါသည်။ ယင်းစက်များ၏ လုံခြုံရေးစနစ်မှာ အခြားစက်များနှင့် ချိတ်ဆက်ရန်မလိုဘဲ တစ်ခုတည်းအသုံးပြုနိုင်သည့် စနစ်ဖြစ်သည်။ ရေဒီယိုလှိုင်းများ၊ အခြားကြိုးမဲ့ကွန်ရက်ချိတ်ဆက်သည့်လှိုင်းများ ဆက်သွယ်၍မရသောစနစ်ဖြစ်သည်။ တစ်ကြိမ်သုံး Chip များဖြင့် ပရိုဂရမ် ရေးဆွဲထားသည့် နည်းပညာအရ Dynamic Coding စနစ်ကို အသုံးပြုထားသည်။

ဒီမိုကရေစီသက်တမ်း အရှည်ကြာဆုံးဖြစ်သော၊ ဒီမိုကရေစီရွေးကောက်ပွဲ အကြီးမားဆုံးဖြစ်သော၊ မဲဆန္ဒရှင်သန်းပေါင်း ၉၀၀ကျော်ရှိသော အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ မဲစာရင်းပြုစုခြင်း၊ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေသည်။

မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲနည်းစနစ်

မြန်မာနိုင်ငံ၏ရွေးကောက်ပွဲစနစ်တွင် အီလက်ထရောနစ်နည်းပညာစနစ်ကို အသုံးပြုနိုင်ခြင်းမရှိသေးပါ။ လုပ်ရိုးလုပ်စဉ် စာရွက်စာတမ်းများ၊ ပုံစံများပေါ်တွင် လက်ရေးများဖြင့် ဖြည့်သွင်းဆောင်ရွက်သည့် သမားရိုးကျနည်းစနစ် (Manual System) ကိုသာ အသုံးပြုသည်။

မဲစာရင်းပြုစုရာတွင် မဲစာရင်း ပုံစံ (၁) နှင့် တိုင်းရင်းသားလူမျိုးများ လွတ်တော်ကိုယ်စားလှယ်လောင်းများအတွက် တိုင်းရင်းသားမဲစာရင်း ပုံစံ (၁–က) များကို ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပစဉ်က အားလုံးနီးပါး လက်ရေးဖြင့်ပြုစုကြရသည်။ နောက်ပိုင်းတွင် လက်နှိပ်စက်များဖြင့်ပြုစုသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများအားလုံးကို ကွန်ပျူတာလက်တော့ပ်များကိုအသုံးပြု၍ ပြုစုသည်။ ထိုသို့ ပြုစုထားသော မဲစာရင်းကို စာရွက်များဖြင့်ကူး၍ ထုတ်ယူသည်။ ထိုသို့ စာရွက်များဖြင့် ကူးယူထားသော မဲစာရင်းတွင် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးသည်။ ထိုသို့စာရွက်စာတမ်းများဖြင့် ထုတ်ယူပြုစုထားသော မဲစာရင်းကိုသာ ကြော်ငြာသည်။ ယင်းမဲစာရင်းကိုသာ သက်ဆိုင်ရာလွတ်တော်ကိုယ်စားလှယ်များသို့ ထုတ်ပေးသည်။ ယင်းစာရွက်များဖြင့် ထုတ်ယူပြုစုထားသော မဲစာရင်းများကိုသာ မဲရုံများတွင် အသုံးပြုသည်။ ယင်းမဲစာရင်းများပေါ်တွင် မဲဆန္ဒရှင်များကိုစိစစ်ပြီး လက်မှတ်ရေးထိုးစေ၍ ဆန္ဒမဲလက်မှတ်ထုတ်ပေးသည်။

ဆန္ဒမဲပေးရာတွင် ကိုယ်စားလှယ်လောင်းများအမည်စာရင်းနှင့် ယင်းတို့၏လိုဂိုတံဆိပ်များကို စာရွက်များပေါ်တွင် ပုံနှိပ်ပြုစုသည်။ ယင်းဆန္ဒမဲလက်မှတ်များကို မဲဆန္ဒရှင်များသို့ ထုတ်ပေးသည်။ မဲဆန္ဒရှင်များက ဆန္ဒမဲလက်မှတ်များရယူ၍ လျှို့ဝှက်ဆန္ဒပြုခန်းသို့သွားရောက်သည်။ မိမိကြိုက်နှစ်သက်ရာကိုယ်စားလှယ်လောင်းကိုရွေးချယ်၍ အမှန်တံဆိပ်ပါ တံဆိပ်တုံးကို သတ်မှတ်ထားသည့် အကွက်ထဲသို့နှိပ်၍ ဆန္ဒပြုသည်။ ပြီးလျှင် ဆန္ဒမဲလက်မှတ်ကို ခေါက်၍ မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်သည်။

ဆန္ဒမဲရေတွက်ရာတွင် သက်ဆိုင်ရာလွတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံအကူကိုယ်စားလှယ်များနှင့် အသိသက်သေ မဲဆန္ဒရှင်များ၏ရှေ့မှောက်တွင် မဲပုံးထဲမှ ဆန္ဒမဲလက်မှတ်များကိုထုတ်ယူ၍ တစ်ရွက်စီရေတွက်သည်။ ရေတွက်ရာတွင် ကြော်ငြာဘုတ်ပေါ်တွင် မြန်မာနည်း တာလီခြစ်မှတ်၍ ရေတွက်သည်။ မဲရုံတိုင်း မဲရုံတိုင်းတွင်သက်ဆိုင်ရာလွတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ မဲရုံကိုယ်စားလှယ် နှစ်ဦးကျစီ ထားရှိခွင့်ရရှိသည်။ ယင်းမဲရုံကိုယ်စားလှယ်များက ဆန္ဒမဲလက်မှတ်ထုတ်ပေးခြင်း၊ ဆန္ဒပြုခြင်း၊ မဲပုံးအတွင်းထည့်ခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်းစဉ်များတွင် ဥပဒေနှင့်အညီ မမှန်မကန်ဆောင်ရွက်မှုများ တွေ့ရှိပါက ကန့်ကွက်တင်ပြနိုင်သည့် အခွင့်အရေးများရရှိသည်။

ဆန္ဒမဲလက်မှတ်များကိုရေတွက်ပြီး မဲရလဒ်ကို စာရင်းရေးသွင်းရာ၌ သက်ဆိုင်ရာ မဲရုံမှူးက သတ်မှတ်သည့် ပုံစံ(၁၆)တွင် လက်ရေးဖြင့် ကိုယ်တိုင်ရေးသွင်းသည်။ မဲရုံမှူးနှင့် သက်ဆိုင်ရာမဲရုံအကူကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြရသည်။ သက်ဆိုင်ရာမဲရုံတွင် ကပ်ထားကြေညာသည်။ သက်ဆိုင်ရာ လွတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က ကူးယူခြင်း၊ ဓာတ်ပုံရယူခြင်းများ ပြုလုပ်ကြသည်။ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့၊ ခရိုင်ကော်မရှင်အဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က မဲရလဒ်များ စုပေါင်းရေးသွင်းရသည်။ ပုံစံ (၁၈)၊ (၁၉) ၊(၁၉–က) ၊(၁၉–ခ) များကိုလည်း လက်ရေးဖြင့်ပင် ရေးသားဖြည့်သွင်းရသည်။

ဖော်ပြပါ လုပ်ငန်းစဉ်များကိုကြည့်လျှင် မြန်မာနိုင်ငံ ရွေးကောက်ပွဲများ၌ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း၊ မဲရလဒ်များကို စာရင်းရေးသားဖြည့်သွင်းခြင်းစသည်တို့ကို မည်သည့်စက်ပစ္စည်းကိုမျှ အသုံးပြုခြင်းမရှိပါ။ မဲရုံအတွင်းတွင် မည်သည့်စက်ပစ္စည်းများကိုမျှ ထားရှိခြင်း မရှိပါ။ သမားရိုးကျ လုပ်ရိုးလုပ်စဉ်နည်းလမ်းဖြင့်သာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲ ရလဒ်များကို အီလက်ထရောနစ်နည်းပညာများကို အသုံးပြု၍ လိုအပ်သလိုပြောင်းလဲပြင်ဆင်နိုင်သည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိမြင်သာနိုင်သည်။

သမားရိုးကျစနစ်မှသည် အီလက်ထရောနစ်နည်းပညာဆီသို့

မြန်မာနိုင်ငံရွေးကောက်ပွဲများတွင် တစ်နေ့နေ့ တစ်ချိန်ချိန်၌ အိန္ဒိယနိုင်ငံကဲ့သို့ အီလက်ထရောနစ်နည်းပညာများကို အသုံးပြုလာနိုင်ပါသည်။ သို့သော် ကြာပါဦးမည်။ လေ့လာသင်ယူကြရပါမည်။ လေ့ကျင့်စမ်းသပ်မှုတွေ အချိန်အများကြီးယူရပါဦးမည်။ အိန္ဒိယနိုင်ငံမှာပင် ၁၉၉၇ ခုနှစ်မှစ၍ အချို့သောဒေသများတွင် အီလက်ထရောနစ်နည်းပညာကို စတင်အသုံးပြုလာပြီး ၂၀၁၉ ခုနှစ်တွင်ကျမှ အဆင့်မြှင့်နည်းပညာစက်များကို နိုင်ငံတစ်ဝန်း အသုံးပြုလာနိုင်ပါသည်။

မည်သို့ပင်ဆိုစေ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် အဆင့်မြှင့်နည်းပညာစက်များကိုအသုံးပြု၍ နိုင်ငံတကာအဆင့်မီ ရွေးကောက်ပွဲများ ကျင်းပနိုင်သည်အထိ လေ့လာသင်ယူ လေ့ကျင့်ပျိုးထောင် အသုံးပြုနိုင်ရေး မျှော်လင့်စောင့်စားနေမိကြောင်းပါ။

- ➤ **လွတ်လပ်၍မှန်ကန်မျှတသော ရွေးကောက်ပွဲများကျင်းပနိုင်ပါစေ၊**
- ➤ **အဆင့်မြှင့်နည်းပညာများ အသုံးပြု၍ ရွေးကောက်ပွဲများကျင်းပနိုင်ရေး သင်ယူ လေ့လာဆည်းပူးနိုင်ကြပါစေ၊**
- ➤ **အဆင့်မြှင့်နည်းပညာများကို အသုံးပြုခြင်းဖြင့် ပို၍လွတ်လပ်မှန်ကန်မျှတသော ရွေးကောက်ပွဲများကျင်းပနိုင်ကြပါစေ။**

ဆန္ဒမဲပေးရာတွင် ကိုယ်စားလှယ်လောင်းများအမည်စာရင်းနှင့် ယင်းတို့၏ လိုဂိုတံဆိပ်များကို စာရွက်များပေါ်တွင် ပုံနှိပ်ပြုစုသည်။ ယင်းဆန္ဒမဲလက်မှတ်များကို မဲဆန္ဒရှင်များသို့ ထုတ်ပေးသည်။ မဲဆန္ဒရှင်များက ဆန္ဒမဲလက်မှတ်များရယူ၍ လျှို့ဝှက်ဆန္ဒပြုခန်းသို့သွား...

လူမဲခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(၂) တရားဝင်ပစ္စည်းထိန်းအား တရားရုံးက ခန့်အပ်ခြင်းဖြစ်လျှင် ယင်းတရားရုံးက ဆုံးဖြတ်ချက် အမိန့်ချမှတ်သည့်အချိန်။

(ခ) တရားဝင်ပစ္စည်းထိန်းက ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင် ၎င်းအနေဖြင့် လူမဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှုလုပ်ငန်းများမှာ လက်တွေ့အားဖြင့် ပြီးပြတ်သွားပြီဖြစ်ကြောင်း တရားရုံးသို့ အကြောင်းကြားစာပေးပို့ခဲ့ပြီးနောက် တရားရုံးက အမိန့်ဖြင့်သတ်မှတ်သည့်အချိန်မှစ၍ ၎င်း၏တာဝန်များသည် ရပ်စဲပြီး ဖြစ်စေရမည်။

(ဂ) အောက်ဖော်ပြပါ အချိန်ကာလတစ်ရပ်ရပ်တွင် တရားဝင်ပစ္စည်းထိန်းမဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ်မှ ရပ်စဲခြင်းခံရသူ တစ်ဦးတစ်ယောက်၏ တာဝန်များသည် ရပ်စဲပြီးဖြစ်စေရမည်–

(၁) မြေရှင်များ၏ အထွေထွေအစည်းအဝေးဖြင့် ရာထူးမှ ဖယ်ရှားရာ၌ ၎င်း၏တာဝန်ရှိမှုမှ ကင်းလွတ်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ဆုံးဖြတ်သတ်မှတ်ထားခြင်းမရှိသည့် ကိစ္စသို့မဟုတ် ထိုသူသေဆုံးသွားသည့်ကိစ္စတွင် ထိုသူသည် ရာထူးတာဝန်မှ ရပ်စဲသွားပြီးဖြစ်ကြောင်း နည်းဥပဒေနှင့်အညီ တရားရုံးသို့ အကြောင်းကြားသည့်အချိန်၊

(၂) မြေရှင်များ၏အထွေထွေအစည်းအဝေးဖြင့် ရာထူးမှ ဖယ်ရှားရာ၌ ၎င်း၏တာဝန်ရှိမှုမှ ကင်းလွတ်ခွင့်ပေးခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ဆုံးဖြတ်ထားပြီးဖြစ်သည့်ကိစ္စ သို့မဟုတ် ထိုသူအား တရားရုံးအမိန့်ဖြင့် ရာထူးမှဖယ်ရှားသည့်ကိစ္စ သို့မဟုတ် ပုဒ်မ ၂၇၈ ပုဒ်မခွဲ (ဃ) အရ ရာထူးမှ နုတ်ထွက်သွားသည့်ကိစ္စတို့တွင် ထိုသူ၏ လျှောက်ထားချက်အပေါ် တရားရုံးက ဆုံးဖြတ်သည့်အချိန်၊

(၃) ရာထူးမှ မိမိဆန္ဒအလျောက်နုတ်ထွက်သည့်ကိစ္စတွင် တရားရုံးက တစ်နည်းနည်းဖြင့် အမိန့်တစ်စုံတစ်ရာ ချမှတ်ခဲ့ခြင်း မရှိလျှင် ၎င်း၏နုတ်ထွက်မှု စတင်အကျိုးသက်ရောက်သည့်အချိန်၊

(၄) ပုဒ်မ ၂၇၈ ပုဒ်မခွဲ (c) အရ ရာထူးနေရာ လစ်လပ်သည့်ကိစ္စတွင်–

(ကက) ထိုပုဒ်မခွဲတွင် ရည်ညွှန်းဖော်ပြထားသော မြေရှင်များ အပြီးသတ်အစည်းအဝေး၌ ထိုသူ၏တာဝန်မှရပ်စဲခြင်းနှင့်စပ်လျဉ်း၍ ကင်းလွတ်ခွင့်ပေးရန် ဆုံးဖြတ်သတ်မှတ်ခဲ့ခြင်း မရှိလျှင် ထိုသူ၏ လျှောက်ထားချက်အပေါ် တရားရုံးက ဆုံးဖြတ်သည့်အချိန်၊

(ခခ) ထိုမြေရှင်များ အပြီးသတ်အစည်းအဝေး၌ ဆုံးဖြတ်သတ်မှတ်ခဲ့လျှင် ရာထူးတာဝန်မှ လစ်လပ်သွားသည့်အချိန်။

(ဃ) မြီစားအား လူမဲအဖြစ်ခံယူစေရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ခဲ့ရာတွင် ထိုသို့ ပယ်ဖျက်ချိန်၌ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်နေသူသည် ထိုတရားရုံးမှ ဆုံးဖြတ်သည့်အချိန်တွင် ၎င်း၏တာဝန်သည် ရပ်စဲစေရမည်။

(င) ဤပုဒ်မအရ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူအား တာဝန်မှ ရပ်စဲသည့်အခါ လူမဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲရာ၌ ၎င်း၏ ပြုလုပ်မှုများ သို့မဟုတ် ပျက်ကွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြားနည်းဖြင့် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် လုပ်ဆောင်သည့် ၎င်း၏ အပြုအမူများနှင့်စပ်လျဉ်း၍လည်းကောင်း တင်ရှိသော တာဝန်အားလုံးသည် ဤပုဒ်မ၏ အထက်ပါ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ဖော်ပြထားသည့်အချိန်မှစတင်၍ ရပ်စဲပြီးဖြစ်စေရမည်။

(စ) ဤပုဒ်မအရ တာဝန်မှရပ်စဲပြီးဖြစ်သော တစ်စုံတစ်ဦးနှင့် ပတ်သက်၍ တရားရုံး၏ ပုဒ်မ ၂၈၃ အရ လုပ်ပိုင်ခွင့် အာဏာများကို ဤပုဒ်မက တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

ယုံမှတ်အပ်နှံခြင်းခံရသူ၏ ရာထူးနေရာလစ်လပ်ခြင်း

၂၈၀။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ရာထူးနေရာ လစ်လပ်သည့်အခါ ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ထိုလစ်လပ်နေသော ရာထူးနေရာတွင် တစ်စုံတစ်ဦးအား ထပ်မံခန့်အပ်ပြီးသည့် အချိန်ကာလအထိ တရားဝင်ပစ္စည်းထိန်းသည် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ထိုလစ်လပ်နေသောရာထူးနေရာကို ခန့်အပ်ရန်အလို့ငှာ တရားဝင်ပစ္စည်းထိန်းသည် မြေရှင်များ၏ အထွေထွေအစည်းအဝေးတစ်ရပ်ကို ဆင့်ခေါ်နိုင်ပြီး ပုဒ်မ ၂၉၅၊ ပုဒ်မခွဲ (၆) ပါ ပြဋ္ဌာန်းချက်နှင့်အညီ မြေရှင်များအစည်းအဝေးကို ဆင့်ခေါ်ရမည်။

(ဃ) ပုဒ်မ ၂၈၁ အရ မြေရှင်များကော်မတီတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ထားခဲ့လျှင် တရားဝင်ပစ္စည်းထိန်းသည် ထိုလစ်လပ်နေသော ရာထူးကို ခန့်အပ်ရန်အလို့ငှာ ထိုမြေရှင်များ ကော်မတီအစည်းအဝေးကို ခေါ်ယူကျင်းပရန် ဆင့်ဆိုနိုင်သည်။

(င) အကယ်၍ ထိုလစ်လပ်နေသောရာထူးကို ထိုသို့ဖြည့်တင်းခန့်အပ်ခြင်းမပြုခဲ့လျှင် တရားဝင်ပစ္စည်းထိန်းသည် လူမဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် တရားဝင်ပစ္စည်းထိန်းက ပုဒ်မခွဲ (၈) နှင့် (ဃ) တို့အရ အစည်းအဝေးကို ဆင့်ခေါ်နိုင်သည့်အာဏာကို ထိခိုက်စေခြင်း မရှိစေရ။

(စ) ဤပုဒ်မပါ လစ်လပ်နေသော ရာထူးဆိုသည့်စကားရပ်တွင် လူမဲပိုင်ပစ္စည်းဖြစ်သော သို့မဟုတ် ယင်းပစ္စည်းတွင်ပါဝင်နိုင်သော ပစ္စည်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၃၁၁ အရ ဆင့်ခေါ်သော မြေရှင်များ အပြီးသတ်အစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် ထိုပစ္စည်း၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ခန့်ထားရန်လိုအပ်နေသည့် ယုံမှတ်အပ်နှံခြင်းခံရသူ ရာထူးလည်း ပါဝင်စေရမည်။

ယုံမှတ်အပ်နှံခြင်းခံရသူအား ကြပ်မတ်ခြင်း

မြေရှင်များကော်မတီ

၂၈၁။ (က) ဤဥပဒေနှင့် နည်းဥပဒေများဖြင့် အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အလို့ငှာ မြေရှင်များ၏ အထွေထွေအစည်းအဝေးတစ်ရပ် ကျင်းပ၍ နည်းဥပဒေများနှင့်အညီ မြေရှင်များကော်မတီကို ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) မြေရှင်များ၏ အထွေထွေအစည်းအဝေးတွင် တရားဝင်ပစ္စည်းထိန်း၏နေရာ၌ တစ်စုံတစ်ဦးအား ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် အစားထိုးခန့်အပ်ခဲ့သည့်အခါမှတစ်ပါး တရားဝင်ပစ္စည်းထိန်းက လူမဲ၏ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်နေသည့်ကာလအတွင်း ထိုအစည်းအဝေးဖြင့် မြေရှင်များကော်မတီကို တည်ထောင်ခြင်း သို့မဟုတ် ယင်းကော်မတီအား လုပ်ငန်းတာဝန်ပေးခြင်း မပြုရ။

တရားရုံးမှ ယုံမှတ်အပ်နှံခြင်းခံရသူအား ကြပ်မတ်ခြင်း

၂၈၂။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်နှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိလျှင် လူမဲကိုယ်တိုင်ဖြစ်စေ၊ မြေရှင်များကဖြစ်စေ၊ အခြားအကျိုးသက်ဆိုင်သူတစ်ဦးကဖြစ်စေ တရားရုံးသို့ လျှောက်ထားနိုင်ပြီး ယင်းသို့လျှောက်ထားမှုအပေါ် တရားရုံးသည် ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်အား အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုစေရန် အမိန့်ချမှတ်နိုင်သည့်အပြင် အခြားသင့်သည်ထင်မြင်သည့် အမိန့်များ ချမှတ်နိုင်သည်။

(ခ) လူမဲဖြစ်မှုအရ ပေါ်ပေါက်လာသော ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ညွှန်ကြားပေးနိုင်ရန် ယုံမှတ်အပ်နှံခြင်းခံရသူက တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များအပေါ်တွင် လူမဲခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ် တင်သွင်းထားသည့်ကိစ္စ၌ ထိုသို့လျှောက်ထားခြင်းခံရသူများသည် ကြွေးမြီပေးဆပ်နိုင်ခြင်းမရှိသော အစုစပ်လုပ်ငန်း၏ အစုဝင်များဖြစ်သည့်အခါ တရားရုံးသည် တရားမျှတမည်ဟု ထင်မြင်ယူဆလျှင် ၎င်းတို့ကို လူမဲမှခင်းတစ်ရပ်တည်း၌ ပူးတွဲ၍ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

(ဃ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် တာဝန်ရှိသော လူမဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ သို့မဟုတ် အစုစပ်လုပ်ငန်း၏ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူ တစ်ဦးဦး၏ လျှောက်ထားချက်အရ တရားရုံးသည် ပုဒ်မခွဲ (က) အရ အမိန့်ချမှတ်နိုင်ပြီး ထိုအမိန့်တွင် အစုစပ်လုပ်ငန်း၏ ပူးတွဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် အစုဝင်တစ်ဦးချင်းစီ၏ သီးခြားပစ္စည်းများကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ထည့်သွင်းညွှန်ကြားနိုင်သည်။

ယုံမှတ်အပ်နှံခြင်းခံရသူ၏ တာဝန်ရှိမှုများ

၂၈၃။ (က) ဤပုဒ်မနှင့်အညီ လျှောက်ထားချက်အရ –

(၁) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမဲပိုင်ပစ္စည်းများတွင်ပါဝင်သော ငွေကြေး သို့မဟုတ် အခြားပစ္စည်းတစ်စုံတစ်ရာအား အလွဲအသုံးပြုထားကြောင်း သို့မဟုတ် လက်ဝယ်ရယူထားကြောင်း သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းတင်ပြရန် တာဝန်ရှိကြောင်း သို့မဟုတ်

(၂) ယုံမှတ်အပ်နှံခြင်းခံရသူက ၎င်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ အလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်မှုကြောင့် လူမဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆုံးရှုံးမှုတစ်ရပ် ပေါ်ပေါက်ကြောင်း၊ တရားရုံးက ကျေနပ်မှုရှိလျှင် တရားမျှတသည်ဟု ထင်မြင်သည့်အတိုင်း ထိုသို့သော ဥပဒေနှင့်မညီသော မှားယွင်းဆောင်ရွက်မှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်မှု သို့မဟုတ် အခြားတာဝန်တစ်ရပ်ရပ်အတွက် လျော်ကြေးပေးစေရန်ဖြစ်စေ၊ ထိုပစ္စည်း၏အကျိုးအမြတ်အတွက် ငွေကြေး သို့မဟုတ် အခြားပစ္စည်းတစ်ရပ်ကို ပြန်လည်ပေးအပ်စေရန်ဖြစ်စေ၊ မူလအနေအထားသို့ ပြန်လည်ထားရှိစေရန်ဖြစ်စေ၊ တာဝန်ယူစာရင်းရှင်းလင်းတင်ပြစေရန်ဖြစ်စေ ယုံမှတ်အပ်နှံခြင်းခံရသူအပေါ် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သောအမိန့်တွင် တရားရုံးက သင့်လျော်သောအတိုးနှုန်းကို ထည့်သွင်းသတ်မှတ်နိုင်သည်။ သို့ရာတွင် ထိုသို့ သတ်မှတ်ချက်သည် ဤပုဒ်မအရမှတစ်ပါး ပေါ်ပေါက်လာသော တာဝန်တစ်ရပ်ရပ်ကို ထိခိုက်စေခြင်း မရှိစေရ။

(ဂ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ထိုပစ္စည်းအတွက် ထပ်မံခန့်ထားသော ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် မြေရှင် သို့မဟုတ် လူမဲ၏ ဤပုဒ်မအရ လျှောက်ထားနိုင်သည်။ သို့ရာတွင် လူမဲ၏ကိုယ်တိုင်မှ လျှောက်ထားခြင်း သို့မဟုတ် ပုဒ်မ ၂၇၉ အရ ယုံမှတ်အပ်နှံခြင်းခံရသူက ၎င်း၏တာဝန်ရပ်စဲပြီးမှ လျှောက်ထားလျှင် တရားရုံး၏ခွင့်ပြုချက်ဖြင့်သာ လျှောက်ထားရမည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမဲပိုင်ပစ္စည်းတွင် မပါဝင်သော ပစ္စည်းတစ်ရပ်ကို သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုခွင့်ရှိကြောင်း ဆီလျော်သော အကြောင်းတစ်ရပ်ရပ်အရ ယုံကြည်၍ ဆောင်ရွက်ရာတွင် ၎င်းက လက်ဝယ်ထားခွင့်ရှိသော ပစ္စည်းအား သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာမှ ၎င်း၏ ပေါ့လျော့မှုကြောင့် ပေါ်ပေါက်လာသော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုများမှ တစ်ပါး အခြားသောဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တာဝန်မရှိစေရ။ ထို့အပြင် ယင်းအနေဖြင့် ထိုပစ္စည်း သို့မဟုတ် ထိုပစ္စည်းကို ရောင်းချခြင်းမှရရှိသော ငွေကြေးအနက် သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းကြောင့် ကုန်ကျသော စရိတ်ကို အာမခံအဖြစ် လက်ဝယ်ထားပိုင်ခွင့် ရှိသည်။

အခန်း(၅)

ယုံမှတ်အပ်နှံခြင်းခံရသူ၏လုပ်ပိုင်ခွင့်နှင့် တာဝန်များ

နိဒါန်း

ယုံမှတ်အပ်နှံခြင်းခံရသူ၏ တာဝန်များ

၂၈၄။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ လုပ်ငန်းတာဝန်များသည် ဤအခန်း ပါပြဋ္ဌာန်းချက်များနှင့်အညီ လူမဲပိုင်ပစ္စည်းများကို လက်ရောက်ရယူ၍ ထုခွဲရောင်းချကာ မြေရှင်များအား ခွဲဝေပေးရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် ၎င်း၏ကိုယ်ပိုင်ဆင်ခြင်တုံတရားကို ကျင့်သုံး၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသည်။

(ခ) ထိုလူမဲမှခင်းနှင့်စပ်လျဉ်း၍ ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အလို့ငှာ တရားဝင်ပစ္စည်းထိန်းက ကျိုးကြောင်းဆီလျော်စွာ တောင်းခံလာသည့်အခါ တရားဝင်ပစ္စည်းထိန်းမဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် –

(၁) တရားဝင်ပစ္စည်းထိန်းထံသို့ အချက်အလက်များ တင်ပြခြင်း၊

(၂) စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို တရားဝင်ပစ္စည်းထိန်းထံသို့ တင်ပြခြင်း၊ လိုအပ်သလိုအစစ်ခံခြင်းနှင့်၊

(၃) အခြားလိုအပ်သော အကူအညီများပေးခြင်း။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူ၏ တရားဝင်ရာထူးအမည်ကို သုံးစွဲရာတွင် လိုက်နာရမည့်ပုံစံကို နည်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

လူမဲပိုင်ပစ္စည်းများအား သိမ်းယူခြင်း၊ ထိန်းသိမ်းခြင်းနှင့် ထုခွဲရောင်းချခြင်း

လူမဲပိုင်ပစ္စည်းများ ယုံမှတ်အပ်နှံခြင်းခံရသူထံ လွှဲပြောင်းရောက်ရှိခြင်း

၂၈၅။ (က) တစ်ဦးတစ်ယောက်ကိုဖြစ်စေ တရားဝင်ပစ္စည်းထိန်းကိုဖြစ်စေ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားသည်နှင့်တစ်ပြိုင်နက် ထိုသူသည် လူမဲပိုင်ပစ္စည်းများအား တရားဝင်စီမံခန့်ခွဲခွင့်ရှိစေရမည်။

(ခ) လူမဲပိုင်ပစ္စည်းဖြစ်သော သို့မဟုတ် ယင်းတွင်တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်သော မည်သည့်ပစ္စည်းကိုမဆို ယုံမှတ်အပ်နှံခြင်းခံရသူ ထံသို့ လွှဲပြောင်းအပ်နှံရာတွင် တရားဝင်စာချုပ်ဖြင့် ပေးအပ်ခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် အပ်နှံခြင်းမပြုသော်လည်း ဥပဒေနှင့်အညီ လွှဲပြောင်းအပ်နှံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဆက်လက်ဖော်ပြပါမည်)

သတင်းစုံကဏ္ဍ

အညာသီဟတောဘုရား ကုန်းတော်သို့ပင့်ဆောင်

သပိတ်ကျင်း

သပိတ်ကျင်းမြို့နယ် အောင်မြင်သာကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်နှစ်ဆူအား မတ် ၃ ရက် နံနက် ၉ နာရီခွဲက သပိတ်ကျင်းမြို့တွင်းသို့ ဒေသစာရီ ကြွချီလှည့်လည်အပူဇော်ခံခဲ့ကြသည်။

အညာသီဟတောဘုရားပွဲတော်ကို နှစ်စဉ် မတ် ၃ ရက်မှ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

ရေနံချောင်းမြို့နယ်၌ သောက်သုံးရေကန်ပြင်ဆင်တူးဖော်ရေး

အလှူငွေ ၉၁ သိန်းကျော် ပေးအပ်လှူဒါန်း

မကွေး

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ရေနံချောင်းမြို့နယ် အလယ်ကုန်းကျေးရွာရှိ သောက်သုံးရေကန်ပြင်ဆင်တူးဖော် ကုန်ကျငွေကျပ် ၉၁ သိန်းကျော်ကို မတ် ၅ ရက် နံနက်ပိုင်းက ကျေးရွာရေကန်ပြင်ဆင်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုပြင် မကွေးမြို့နယ် ကြာကန်အုပ်စုအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး မလွယ်ကူသော၊ ရေအခက်အခဲရှိသော တဲတိုက်များသို့ ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ် ရေကားများဖြင့် သွားရောက်လှူဒါန်းမှုများ လုပ်ဆောင်နေကြောင်း၊ ရေအခက်အခဲနှင့် ရေကန်များပြုပြင်လိုပါက သက်ဆိုင်ရာမြို့နယ်များရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနများတွင် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

သီပေါ ပေါ်ကြိုဗုဒ္ဓပူဇနီယပူဇော်ပွဲ

သီပေါ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပူဇော်ပွဲကို မတ် ၅ ရက် နံနက် ၉ နာရီက ဘုရားကြီးအရှေ့ရင်ပြင်၌ ကျင်းပသည်။

ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် အလှူရှင်များက ဗုဒ္ဓရုပ်ပွားတော်လေးဆူအား ရွှေသက်နီးကပ်လှူပူဇော်ခဲ့ကြသည်။ **စိုင်း(သီပေါ)**

ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

ညောင်ဦး

ညောင်ဦးမြို့နယ်ရှိ လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသည့် အဘိုးအဘွားများအား ဧန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အနော်ရထာခန်းမ၌ ကျင်းပသည်။

ထို့နောက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသည့် အသက် ၈၅ နှစ်အထက် အဘိုးအဘွား ၁၂၉၈ ဦးအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ညောင်ဦးခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာအောင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

ကိုရီးယားဘာသာစကား အတွေ့အကြုံရှင်းလင်း

မန္တလေး

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ကိုရီးယားဘာသာ အထူးပြုကျောင်းသား ကျောင်းသူများ၏ အတွေ့အကြုံရှင်းလင်းပွဲကို မတ် ၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပသည်။

ကိုရီးယားဘာသာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာချောချောသူက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက ကိုရီးယားဘာသာစကားနှင့် ဘာသာပြန်စကားပြန်များအတွက် လိုအပ်ချက်များကို ဟောပြောခဲ့ကြသည်။ **မန်း(ကိုယ်ပွား)**

စာစစ်ဌာနများ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

ပုဂံ

စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေစဉ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှုများမဖြစ်စေရေးအတွက် ကြိုတင်၍ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၃ ရက် နံနက် ၁၁ နာရီခွဲက ညောင်ဦးမြို့နယ် ပုဂံမြို့ မီးသတ်စခန်းမှ ပုဂံမြို့ အထကစာစစ်ဌာနသို့ မီးဘေးကြိုတင်ကာကွယ်ရေးကွင်းဆင်းစစ်ဆေးသည်။

ညောင်ဦးမြို့နယ် ပုဂံမြို့မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဥက္ကာနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လျှပ်စစ်ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ပူးပေါင်း၍ အထကကျောင်း၌အသုံးပြုနေသည့် လျှပ်စစ်မိန်းခုံများနှင့် လျှပ်စစ်ဝိုင်ယာကြိုးများ ကြိုခိုင်ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ စာဖြေခန်းများ၌ အလင်းရောင်ကောင်းစွာရရှိရေး တပ်ဆင်ထားသည့်လျှပ်စစ်မီးများ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး အစရှိသည့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားမှု ရှိ၊ မရှိတို့ကို လိုက်လံစစ်ဆေးခဲ့ကြသည်။ **လှိုင်ဝင်းလေး (ပုဂံမြေ)**

လူမှုဖူလုံရေး အကျိုးခံစားခွင့်ပေးအပ်

ပဲခူး မတ် ၅

ပဲခူးမြို့ ဥဿာမြို့သစ် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် မတ် ၅ ရက် နံနက် ၈ နာရီခွဲက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ ငွေကြေးအကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနား ကျင်းပသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးတို့က အဖွင့်အမှာစကားပြောကြားသည်။ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က လူမှုဖူလုံရေးရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး လူမှုဖူလုံရေးအာမခံ အလုပ်သမား ၁၂ ဦးအတွက် အကျိုးခံစားခွင့်များထုတ်ပေးခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ဖြင့် မည်သို့အခွန်စည်းကြပ်ခံယူကြမလဲ ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေး

ရန်ကုန် မတ် ၅

အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန်အတွက် "အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ဖြင့် မည်သို့အခွန်စည်းကြပ်ခံယူကြမလဲ" ခေါင်းစဉ်ဖြင့် အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel ၌ ယနေ့မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

လက်ရှိဆောင်ရွက်နေသည့် အခွန်ရုံးမှ အခွန်စည်းကြပ်ကောက်ခံသည့်စနစ်(Official Assessment System–OAS)မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်ကောက်ခံသည့်စနစ် (Self Assessment–SAS)သို့ ကူးပြောင်းဆောင်ရွက်တော့မည့် ကာလတွင် ရန်ကုန်မြို့၌ အခြေစိုက်လုပ်ကိုင်နေကြသည့် နိုင်ငံခြားကုမ္ဗဏီ(အခွန်ထမ်းများ) SAS စနစ်သို့ အခက်အခဲမရှိ ကူးပြောင်း ဆောင်ရွက်နိုင်ရေး အထောက်အပံ့ပြုရန်အတွက် အဆိုပါ ပညာပေးဆွေးနွေးပွဲကို ပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

အခွန်ဝန်ဆောင်မှုများကို ကူညီဆောင်ရွက်ပေးနေသည့် Htun Than & Associate Boutique Law Firm ဥက္ကဋ္ဌ ဦးထွန်းသန်းက "ဒီပညာပေးဆွေးနွေးပွဲက နိုင်ငံခြားကုမ္ဗဏီ အခွန်ထမ်းတွေအတွက် အကျိုးဖြစ်ထွန်းစေရုံသာမကဘဲ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေတဲ့ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ အောင်မြင်ရေးအတွက်ပါ တစ်ဖက်တစ်လမ်းက ကူညီပေးနိုင်ပါတယ်။ ဒုံအပြင် ဒီနေ့အခမ်းအနားမှာ အင်္ဂလန်အခြေစိုက် နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ အတိုင်ပင်ခံဝန်ဆောင်မှုကုမ္ဗဏီ Baker Tilly (Myanmar)နဲ့ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့တဲ့အတွက် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်မှု ခံယူကြမယ့် နိုင်ငံခြားကုမ္ဗဏီတွေအပြင် နိုင်ငံသားကုမ္ဗဏီတွေအတွက်ပါ အခွန်ဆိုင်ရာဝန်ဆောင်မှုတွေနဲ့ ဘဏ္ဍာရေးဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်းတွေကို နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့အညီ ဝန်ဆောင်မှုပေးနိုင်တော့မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတွင် အခွန်ဆိုင်ရာသိကောင်းစရာများနှင့်ပတ်သက်၍ အခွန်ဝန်ဆောင်မှုများကို ကူညီဆောင်ရွက်ပေးနေသည့် Htun Than & Associate Boutique Law Firm မှ တာဝန်ရှိသူများက ဆွေးနွေးဟောပြောခဲ့သည်။

အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ဆိုသည်မှာ အခွန်ထမ်းများက အခွန်တာဝန်များကို အခွန်ဌာနမှဝန်ထမ်းများ၏ အကူအညီအနည်းအကျဉ်းမျှသာရယူ၍ မိမိတို့ ကိုယ်တိုင် တာဝန်ယူပြီး အခွန်တွက်ချက်ပေးဆောင်ရသည့် အခွန်စနစ်တစ်ခု ဖြစ်ကြောင်း အဆိုပါအသိပညာပေးဆွေးနွေးပွဲမှ သိရသည်။

သတင်းနှင့် ဓာတ်ပုံ–ကိုထက်

ကျေးလက်နေပြည်သူများ ကိုရိုနာဗိုင်းရပ်စ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြော

လှိုင်းဘွဲ့ မတ် ၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကျေးလက်နေပြည်သူများ ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက သပုထိုကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့် နည်းလမ်းများ၊ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ ထိလုံစခန်းမှူး ရဲအုပ်ရဲမင်းထွဋ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပတ်သက်သည့် အကြောင်းအရာများ ကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ကျေးရွာပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားပေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော ကိုရိုနာဗိုင်းရပ်(စ်) အသိပညာပေးစာစောင်များ၊ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များ၊ မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များအား ကျေးရွာပြည်သူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

ဒေသတွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်ရေးဆောင်ရွက်မည်

မလှိုင် မတ် ၅

အလယ်ပိုင်းဒေသအပူပိုင်းသစ်တောကြိုးပိုင်းများ၏ ဂေဟစနစ် ဝန်ဆောင်မှုများနှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်ရေးစီမံကိန်း၏ ရာသီကိုက်ညီစိုက်ပျိုးရေး၊ မြေဆီလွှာနှင့် ရေထိန်းသိမ်းရေးလုပ်ငန်းများဆိုင်ရာ စီမံကိန်းမိတ်ဆက်ပွဲကို မတ် ၄ ရက် နံနက်ပိုင်းက မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး စီမံကိန်းမန်နေဂျာ ဦးအောင်ကျော်စိုးက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန္ဒာထွန်း(မျိုးစေ့တာဝန်ခံ)၊ လက်ထောက်စီမံကိန်း မန်နေဂျာ ဒေါက်တာမြင့်ဝေ၊ အကြီးတန်း စိုက်ပျိုးရေးကျွမ်းကျင်သူ ဦးမြင့်ဇော်၊ မြေဆီလွှာနှင့် ရေထိန်းသိမ်းမှုကျွမ်းကျင်သူ ဒေါက်တာစန်းလှထွေး၊ Cesvi Team စီမံကိန်းမန်နေဂျာ ဦးမျိုးမင်းအောင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့သည်။

အောင်ရွှေ(မလှိုင်)

ကန်ပိုက်တီစီးပွားရေးနယ်မြေစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

မြစ်ကြီးနား မတ် ၅

ကန်ပိုက်တီစီးပွားရေးနယ်မြေစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမည့် မြန်မာဟိန်ယရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို မတ် ၄ ရက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ကန်ပိုက်တီမြို့တွင်ရှိသည့် ဒေသခံပြည်သူလူထုများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေး အဆင့်မြှင့်တင်ရေး၊ တရားမဝင်ကုန်စည်များထိန်းချုပ်နိုင်ရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး၊ ပွင့်လင်းမြင်သာပြီး အများပြည်သူအတွက် စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာစေရန် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာဟိန်ယရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဘောမ်လမ်းက စီးပွားရေးနယ်မြေစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းနှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို ပြည်နယ်အစိုးရအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီဘက်မှ မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာကို လဲလှယ်ခဲ့ကြသည်။

ပြည်နယ် (မြန်/ဆက်)

လျှပ်တစ်ပြက်စစ်တုရင်ထိုးပွဲတွင် မြန်မာနိုင်ငံစစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်း အနိုင်ရ

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံစစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းနှင့် စင်ကာပူနိုင်ငံ စစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ကီဗင်ဂိုဒီမင်းတို့၏ အမြန်လျှပ်တစ်ပြက်စစ်တုရင်ထိုးပွဲနှင့်အတူ မြန်မာပန်းချီပညာရှင်များ၏ စစ်တုရင်ပန်းချီကားများပြပွဲကို မတ် ၁ ရက်မှ ၄ ရက်ထိ ရန်ကုန်မြို့ အောင်ဆန်းကွင်းရှိ အိုကေအနုပညာပြခန်း၌ကျင်းပရာ အမြန်လျှပ်တစ်ပြက်စစ်တုရင်ထိုးပွဲတွင် ဝင်းဇော်ထွန်းက အနိုင်ရရှိခဲ့သည်။

"ဒီလိုမျိုးပွဲကြီးတွေကိုကျင်းပတာ အစဉ်အလာဖြစ်သွားရင် မြန်မာကစားသမားတွေအတွက် အများကြီးအကျိုးရှိလာမှာပါ။ အဲဒါမှ သူတို့လေ့ကျင့်တဲ့အပိုင်း၊ နည်းစနစ်အပိုင်းတွေ တိုက်ရိုက်ထိတွေ့ခွင့်ရတဲ့အတွက် ဒီလိုပွဲမျိုးများများလုပ်ပေးရင် ပိုကောင်းမယ်လို့ မြင်ပါတယ်"ဟု မြန်မာနိုင်ငံစစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းက ပြိုင်ပွဲအပြီးတွင် ပြောကြားခဲ့သည်။

စစ်တုရင် စီးချင်းထိုးပြိုင်ပွဲကို မတ် ၁ ရက်မှ ၄ ရက်ထိ နံနက် ၉ နာရီတစ်ပွဲ၊ ညနေ ၃ နာရီတစ်ပွဲ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် Standard Chess ပုံမှန်ပွဲစဉ်၊ စစ်တုရင်အမြန်ရွှေ့ (Rapid) ပြိုင်ပွဲ၊ လျှပ်တစ်ပြက် (Blitz) ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားသုံးမျိုး ယှဉ်ပြိုင်ကစားရပြီး တစ်မျိုးလျှင် ပွဲစဉ်ခြောက်ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အမြန်လျှပ်တစ်ပြက်စစ်တုရင်စီးချင်းထိုးပွဲနှင့်အတူ မြန်မာပန်းချီပညာရှင်များ၏ စစ်တုရင်ပန်းချီကားအများအပြားကို ပြသခဲ့သည်။

အေးမင်းသူ

ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု ၅၀ ရာခိုင်နှုန်းခန့်ပြီးစီး

သထုံ မတ် ၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တို့ပတန်ကွင်း(၂၄၇) ဇုတ်ကလိကျေးရွာအုပ်စု သိမ်ကျောင်းကျေးရွာ၊ ဇုတ်ကလိကျေးရွာ၊ သပြေကုန်းကျေးရွာ၊ ဝွသောင်ကျေးရွာ၊ ငွေသောင်ယံကျေးရွာနှင့် ကျွန်းသာယာကျေးရွာတို့မှ ဒေသခံတောင်သူများ လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် လယ်ယာမြေဧက ၁၀၀၀ အတွက် အကျိုးပြုမည့် လမ်းအရှည်ပေ ၁/၂ ဒသမ ၆၀၅ မိုင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှုလုပ်ငန်းကို ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၁၈ သန်းဖြင့် Golden Friday ကုမ္ပဏီမှ လမ်းအရှည် ၁/၁ ဒသမ ၀၉ မိုင်ကို လမ်းအကျယ် ပေ ၂၀၊ ဒု လေးပေ တာပေါင်ဖို့ပြီး လမ်းအကျယ် ၁၂ ပေ၊ ဒု ကိုးလက်မ ဂ၀မြေနီ ကျေးလက်ကုန်ထုတ်လမ်း အမျိုးအစား ဖောက်လုပ်လျက်ရှိပြီး တစ်မိုင်အထိ ဖောက်လုပ်ပြီးစီးပြီဖြစ်သည်။ မွမ်းမံရန်ပုံငွေကျပ် ၆ ဒသမ ၂၉ သန်းဖြင့် Lin Tri Star ကုမ္ပဏီမှ ယခင်မြေသားလမ်း အရှည် ၀/၁ ဒသမ ၅၁၅ မိုင်ကို လမ်းအကျယ် ၁၂ ပေ၊ ဒု ကိုးလက်မ ဂ၀မြေနီ ကျေးလက်ကုန်ထုတ်လမ်းအမျိုးအစား ဖောက်လုပ်လျက်ရှိသည်။ လုပ်ငန်းပြီးစီးမှုအနေဖြင့် ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ကြေးမုံ

မတ် ၅ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁၂)ရပ်ကွက် သစ္စာလမ်းရှိ အမက(၁၀)ရှေ့သို့ ရန်ကုန်တိုင်းဒေသကြီး မှူခင်းအသိပညာပေးယာဉ်ဖြင့် ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဦးက မှူခင်းဆိုင်ရာပြကွက်များကို ရှင်းလင်းဟောပြောပြသစဉ်။ ရဲလေး(TWL)

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ သပြေရုံကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်မောင်မြင့် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မတ် ၄ ရက်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောစဉ်။ မြင့်နိုင်

သတင်းစုံကဏ္ဍ

ဒီဇယ်အင်ဂျင်ပြုပြင်နည်းသင်တန်း အခမဲ့ဖွင့်

ရေကြည်

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်နည်းသင်တန်းဖွင့်ပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၂၂ ရက်အထိဖြစ်ကြောင်း သိရသည်။

အောင်သူဟန် (ရေကြည်)

သောက်သုံးရေအခက်အခဲရှိပါက အကူအညီတောင်းခံနိုင်

ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ သောက်သုံးရေအခက်အခဲရှိပါက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်း ဖုန်း-၀၁-၉၀၁၀၀၈၉၀၊ ၀၉-၅၀၄၆၀၄၃၊ တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူ ဖုန်း- ၀၅-၆၂၃၆၅၅၊ ၀၉-၄၃၀၇၉၀၁၄၊ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းနိုင် ဖုန်း- ၀၅- ၆၄၀၉၇၅၅၊ ၀၉- ၄၂၀၀၂၂၃၉၇ တို့သို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ကိုကျော် (သုံးခွ)

ဘေးအန္တရာယ်ဦးစီးဌာနမှ ရေလှူ

မကွေး

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မတ် ၄ ရက် နံနက်ပိုင်းတွင် မကွေးမြို့နယ် ကြာကန်ကျေးရွာသို့ ရေဂါလန် ၆၀၀၀ လှူဒါန်းခဲ့သည်။

"ဘေးအန္တရာယ်ဆိုင်ရာဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများက သောက်သုံးရေလိုအပ်နေတဲ့ ကြာကန်ကျေးရွာတွင် သောက်သုံးရေဂါလန် ၆၀၀၀ ကို အိမ်ခြေ ၁၃၇ အိမ်၊ အိမ်ထောင်စု ၁၄၃ စု၊ လူဦးရေ ၆၈၉ ဦးအတွက် ဖြန့်ဝေလှူဒါန်းပေးနေပါတယ်" ဟု ကိုဇော်မင်းထိုက် (ကျေးလက်မြေ)က ပြောကြားသည်။

မကွေးဝင်းမောင်

စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပင်လည်ဘူး

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကပ္ပန္တုတ်ကျေးရွာနှင့် သင်ပေါင်းကျင်းကျေးရွာတို့တွင် နွေရာသီ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကောလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ ပင်လည်ဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ထွန်းဇော်နှင့်အဖွဲ့သည် မတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးသည်။

သန့်ရှင်းသောသောက်သုံးရေရရှိစေရန်အတွက် စက်ရေတွင်းတူးဖော်နေမှု၊ ရေတင်စက်ရုံနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေကန်ပြုလုပ်နေမှုအခြေအနေများနှင့် ကျေးရွာအတွင်း ရေပေးဝေမည့်အခြေအနေတို့ကိုစစ်ဆေးပြီး ကူညီပံ့ပိုးမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မျိုးလွင်(ပင်လည်ဘူး)

မြို့သစ်၌ ထင်းများဖြန့်ဝေပေး

မြို့သစ်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ရေပြည့်အုပ်စု လှေဝန်းကျေးရွာအနီးကာကွယ်တောအတွင်းမှ သဘာဝထိန်းသိမ်းခြင်း ဧက ၁၀၀၀ ရှိ ထင်းများကို လှေဝန်းကျေးရွာဒေသခံများအား မတ် ၄ ရက်က ရေပြည့်ကျေးရွာအနီးရှိ သစ်တောစိုက်ကွင်းအတွင်း ထင်းများပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးအရာရှိနှင့် သစ်တောဦးစီးမှူးတို့က ထင်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

ယူရို ၂၀၂၀ ပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည်ဟု ဟယ်ရီကိန်း ပြောကြား

ဆောက်ဂိတ်ရဲ့ အင်္ဂလန်အသင်းဟာ ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ ပထမဆုံးပွဲစဉ်အဖြစ် ဇွန် ၁၄ ရက်မှာ အိမ်ကွင်းဖြစ်တဲ့ ဝင်ဘလေကွင်း၌ ခရိုအေးရှားအသင်းနဲ့ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

ဌေးကြယ် - ရေးသားသည်

စပါးအသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ တိုက်စစ်ကစားသမား ဟယ်ရီကိန်းဟာ ယူရို ၂၀၂၀ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းနဲ့အတူ ပြန်လည်ပါဝင်ကစားနိုင်မှာဖြစ်ပြီး လာမယ့်လမှာ ဒဏ်ရာကနေ ပြန်လည်သက်သာလာမယ်လို့ ဆိုပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဧန်နဝါရီ ၁ ရက်က စပါးအသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလီဂ်ပွဲစဉ်မှာ ဘယ်ဘက်တံကောက်ကြောဒဏ်ရာ ရရှိခဲ့တာဖြစ်တဲ့အတွက် အဲဒီအချိန်ကတည်းက လက်ရှိအချိန်အထိ စပါးအသင်းအတွက် ပါဝင်ကစားနိုင်ခဲ့ခြင်း မရှိခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိအချိန်မှာ ဒဏ်ရာအခြေအနေက အရင်ကနဲ့စာရင် သက်သာလာပြီဖြစ်တာမို့ ဇွန် ၁၂ ရက်မှာ စတင်ကျင်းပမယ့် ယူရို ၂၀၂၀ ပြိုင်ပွဲမှာ အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်းဟာ အသင်းနဲ့အတူ ပါဝင်လာဖို့ ရှိနေတာဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ လွန်ခဲ့တဲ့ ဘောလုံးရာသီ ငါးရာသီအတွင်းမှာ စပါးအသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့ပြီး စပါးအသင်းနဲ့ အတူ အပေါ့စားလေ့ကျင့်မှုတွေ ပြန်လည်ပြုလုပ်နိုင်နေပြီဖြစ်ပေမယ့် ယခုလအတွင်းမှာ အင်္ဂလန်အသင်းရဲ့ အိမ်ကွင်းမှာ အီတလီအသင်း၊ ဒိန်းမတ်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားမယ့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွေမှာ လွဲချော်ဦးမှာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ စပါးအသင်းအတွက် အားထားရတဲ့ကစားသမားဖြစ်သလို အင်္ဂလန်အသင်းအတွက်လည်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့ပြီး အင်္ဂလန်အသင်းကို ဆီမီးဖိုင်နယ်အဆင့် ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဟယ်ရီကိန်းအနေနဲ့ အင်္ဂလန်အသင်းနဲ့ အတူ ပွဲစဉ် ၄၅ ပွဲမှာ ၃၂ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တာကြောင့် လက်ရှိမှာ အင်္ဂလန်အသင်းအတွက် ဂိုးအများဆုံးသွင်းထားတဲ့ ကစားသမားစာရင်းမှာ အဆင့် ၆ နေရာ၌ ရပ်တည်နေတာဖြစ်ပါတယ်။ နည်းပြ

အက်ဖ်အေဖလားလက်ရှိချန်ပီယံမန်စီးတီး ကွာတားဖိုင်နယ်တွင် နယူးကာဆယ်နှင့် ကစားရမည်

မန်စီးတီးအသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ပဉ္စမအဆင့်ပွဲစဉ်အဖြစ် မတ် ၄ ရက် ညပိုင်းက ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းနဲ့ ကစားခဲ့ရပြီး ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းကို ပွဲကစားချိန် ၅၃ မိနစ်မှာ တိုက်စစ်မှူး အဂူရိုရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်တွေ မဲခွဲလိုက်ချိန်မှာတော့ မန်စီးတီးအသင်းက နယူးကာဆယ်အသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။

အခြားသော အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တွေအဖြစ် အာဆင်နယ်အသင်းက ရှက်ဖီးလ်ယူနိုက်တက်အသင်းနဲ့တွေ့ဆုံနေပြီး အာဆင်နယ်အသင်းဟာ ပဉ္စမအဆင့်မှာ ပို့စ်မောက်အသင်းကို အနိုင်ရရှိခဲ့ကာ ကွာတားဖိုင်နယ်ကို တက်လာခဲ့တာ ဖြစ်ပါတယ်။ ရှက်ဖီးလ်ယူနိုက်တက်အသင်းကတော့ ရီးဒင်းအသင်းကို အနိုင်ရရှိကာ ကွာတားဖိုင်နယ်ကို တက်လှမ်းလာခဲ့ပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အက်ဖ်အေဖလား ကွာတားဖိုင်နယ် တက်လှမ်းခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းက လက်စတာစီးတီးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး ချယ်လ်ဆီးအသင်းဟာ ပဉ္စမအဆင့်မှာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ကာ လက်စတာစီးတီးအသင်းကတော့ ဘာမင်ဂမ်အသင်းကို အနိုင်ရပြီး ကွာတားဖိုင်နယ်တက်လာခဲ့တာ ဖြစ်ပါတယ်။

အခြားသောကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် နေ့ဂုစ်ချ်အသင်းက ဒါဘီအသင်း သို့မဟုတ် မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ နေ့ဂုစ်ချ်အသင်းဟာ စပါးအသင်းကို အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့် တက်လှမ်းလာခဲ့တာဖြစ်ပါတယ်။

အနုပညာ

ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ် ရုံတင်မည့်ရက်ကို နိုဝင်ဘာလသို့ ရွှေ့ဆိုင်း

ကမ္ဘာကျော် စုံထောက်ရုပ်ရှင်ဖြစ်တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ် No Time To Die ရုံတင်ရက်ကို လာမယ့် နိုဝင်ဘာလအတွင်းသို့ ရွှေ့ပြောင်းလိုက်ပြီဖြစ်ပါတယ်။ ဒီလို ရုံတင်ရက်နောက်ကိုရွှေ့လိုက်ရတာဟာ လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့်ဖြစ်ကြောင်း အေးရှားဝမ်းခေါ်ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၄ ရက်က ရုံတင်ရက်ရွှေ့ဆိုင်းကြောင်း တရားဝင်ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ တရုတ်မှာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ရုပ်ရှင်ရုံတွေကို ပိတ်ထားရပြီး ဒီအခြေအနေဟာ ဟောလိဝုဒ်ရုပ်ရှင်ထုတ်လုပ်သူတွေအဖို့ ခေါင်းခဲစရာ ဖြစ်ခဲ့ရပါတယ်။ No Time To Die ရဲ့ ထုတ်လုပ်သူတွေက အဆိုပါရုပ်ရှင်ကို ယခင်ပြသဖို့ရာ ရည်ရွယ်ထားတဲ့ ဧပြီလကနေ လာမယ့် နိုဝင်ဘာလအတွင်းသို့ ရွှေ့ဆိုင်းလိုက်ကြောင်း တရားဝင်လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ကြေညာခဲ့ပါတယ်။

အေးပြည့် - ရေးသားသည်

ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ကတ်တီပါရီ ပြောကြား

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် ကတ်တီပါရီက ပထမဆုံး ရင်သွေးလေးလွယ်ထားရတဲ့ဓာတ်ပုံကို လတ်တလော ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့ တေးဗီဒီယိုကနေ တစ်ဆင့် ပရိသတ်တွေကို ထုတ်ဖော်ပြသခဲ့ကြောင်း အီးတီ အွန်လိုင်းခေါ်ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခင်က အဆိုပါတေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ခဲ့ချိန်ကလည်း သူဟာ ရင်သွေးလေးလွယ်ထားရကြောင်း အရိပ်အမြွက် ထုတ်ဖော်ပြသခဲ့ပါတယ်။ အစမ်းတေးဗီဒီယိုမှာပင် ကတ်တီပါရီက သူ့ရဲ့ လက်ကို ဝမ်းဗိုက်ပေါ်မှာ တင်ကာ ရင်သွေးလေးရှိနေဟန် ပြသခဲ့တာကိုလည်း တွေ့ရပါတယ်။

မတ် ၄ ရက်က ကတ်တီပါရီရဲ့ တေးဗီဒီယိုသစ် "Never Worn White" ကို စတင်ထုတ်လွှင့်ခဲတာ ဖြစ်ပါတယ်။ ဒီတေးဗီဒီယိုမှာ ရင်သွေးလေးလွယ်ထားရတဲ့ ကတ်တီပါရီကို တွေ့မြင်ခဲ့ရပါတယ်။ တေးဗီဒီယို ထုတ်လွှင့်ပြီးနောက်မှာ ကတ်တီပါရီက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှု ပြုလုပ်ခဲ့ကာ ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒီလို တွေ့ဆုံရာမှာ ပေါ့ပ်ကြယ်ပွင့်က ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ကတ်တီပါရီက ရင်သွေးလေး မွေးဖွားလာမှုနဲ့အတူ တေးသီချင်းသစ်တွေကိုလည်း ပရိသတ်ထံ အရောက်ပို့ပေးဖို့ရာ ရှိနေကြောင်းလည်း ပြောကြားခဲ့ပါတယ်။ ဒုံအပြင် ပေါ့ပ်ကြယ်ပွင့်က ကိုယ်ဝန်ဆောင်ချိန်မှာ ခံစားနေရတာတွေကိုလည်း တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း ပရိသတ်တွေကို မျှဝေခဲ့တယ်လို့လည်း သိရပါတယ်။

ကတ်တီပါရီဟာ အသက် ၄၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသား အော်လန်ဒိုဘလွန်းနဲ့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ အတွင်း စေ့စပ်ခဲ့ကြပါတယ်။ ကတ်တီပါရီက လတ်တလော ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့ တေးသီချင်းမှာပါဝင်တဲ့ စာသားတွေဟာ အမှန်တွေဖြစ်ကြောင်း၊ သူဟာ ခင်ပွန်းဟောင်း ရက်ဆဲလ်ဘရန်းဒ်နဲ့ ၂၀၁၀ ပြည့်နှစ်အတွင်း လက်ထပ်ခဲ့ချိန်က မီးခိုးရောင်သတ္တိသမီးဝတ်စုံကိုသာ ဝတ်ဆင်ခဲ့တာကြောင့် အနာဂတ်မှာ အော်လန်ဒိုဘလွန်းနဲ့ မင်္ဂလာပွဲမှာတော့ သူ့အနေနဲ့ အဖြူရောင် သတ္တိသမီးဝတ်စုံကို ဝတ်ဆင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

■ ၂၀၂၂ ကမ္ဘာ့ဖလားမှ

အာရှဘောလုံးအဖွဲ့ချုပ်သည် မတ် ၂ ရက်က အစည်းအဝေးပြုလုပ်ခဲ့ပြီး ပွဲစဉ်များ ရွှေ့ဆိုင်းရန် ဆွေးနွေးကာ ဖီဖာမှ တာဝန်ရှိသူများနှင့် မတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ထပ်မံဆွေးနွေးကာ အတည်ပြုမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် မတ်လနှင့် ဇွန်လတို့တွင် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများကို ရွှေ့ဆိုင်းရန် စီစဉ်ထားပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းကာ အတည်ပြုထုတ်ပြန်မည်ဖြစ်သည်။ ယခင်ရေးဆွဲထားသည့် ပွဲစဉ်အရ ၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲများမှာ ဇွန်လတွင် ပြီးဆုံးမည်ဖြစ်ပြီး မြန်မာအသင်းသည် မတ်လတွင် နှစ်ပွဲ၊ ဇွန်လတွင် တစ်ပွဲ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် မတ် ၂၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ မတ် ၃၁ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ ဇွန် ၉ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်းပွဲများ ကစားရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ပွဲစဉ်များ ရွှေ့ဆိုင်းဖြစ်ခဲ့ပါက စက်တင်ဘာလ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ငါးပွဲကစားခြောက်မှတ်ရထားပြီး အုပ်စု (F) တွင် စတုတ္ထနေရာ၌ ရပ်တည်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ယခုလအတွင်း ကစားမည့် ခြေစစ်ပွဲအတွက် မတ် ၁၂ ရက်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ပွဲစဉ်ပြောင်းလဲခြင်း ရှိ၊ မရှိ အတည်ပြုပြီးမှသာ လေ့ကျင့်ပြင်ဆင်မည့်အစီအစဉ်များကို အတည်ပြုမည်ဖြစ်သည်။

သတင်း-ရွှီးထက်ဇော်

■

❍ ယခုနှစ်အတွင်းမှ

မြန်မာ ယူ-၁၉ အသင်းသည် ကစားသမားများ ပွဲအတွေ့အကြုံရစေရန် Junior Lions အသင်းအမည်ဖြင့် MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး လေးပွဲကစား၊ လေးပွဲနိုင်၊ ၁၂ မှတ် ရရှိထားသည်။

မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် ဂျပန်-အာဆီယံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရခဲ့ပြီး အာဆီယံ ယူ-၁၉ ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲနှင့် ဖိတ်ခေါ်ပြိုင်ပွဲများ ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၂၀ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို သြဂုတ် ၃ ရက်မှ ၁၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသည်။

သတင်း-ရွှီးထက်ဇော်

ဓာတ်ပုံ-စိုးညွန့်

အသိပေးဖိတ်ကြားစာ

ရန်ကုန်ဆန်လျှူအသင်းကြီး၏ ဆွမ်းဆန်တော်လျှူရေစက်ချ အခမ်းအနားကို အသင်းတိုက်သစ်ကြီးတွင် ကျင်းပမည်ဖြစ်ပါသည်

